

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ မတ်လ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ မတ်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

**ထုတ်ဝေသည့်ခုနှစ်**

၂၀၂၁ ခုနှစ်၊ ဧပြီလ

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်

**အုပ်ရေ**

၅၀၀၀ အုပ်

**ပုံနှိပ်**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


- အမှာစာ ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၇
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၈


### မိန့်ခွန်းများ


၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၉

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား ၁၃

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၅/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၈

၄။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား ၂၂

၅။ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား ၂၅

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၂၈

၇။ မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၃၃

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၃၇

၉။ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖသဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာများအား တင်ပြလျှောက်ထားချက် ၄၁

၁၀။ မြန်မာ့တပ်မတော်တွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၅

၁၁။ (၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ၄၉

၁၂။ တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၆၄

၁၃။ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၆၆

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၇၀

၁၅။ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား ၇၅

## သဝဏ်လွှာများ

၁။ ၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သော တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၈၁

၂။ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၄၇)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ ၈၅

■ ■ ■

# အမှာစာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး လိုလားသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာအောင် တည်ဆောက်ပေးနေသည့် အချိန်အခါဖြစ်သည်။ မိမိတို့နိုင်ငံကို ဒီမိုကရေစီအလေ့အကျင့်ကောင်းများနှင့်အညီ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ ဝိုင်းဝန်းထူထောင်ကူးပြောင်းပေးနေချိန် ဖြစ်သည်။ ထို့ပြင် ပြည်တွင်းနိုင်ငံရေး ဖြစ်စဉ်များတွင် ပြည်ပ ပယောဂ အနှောင့်အယှက်များ ကင်းရှင်းပြီး တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာနိုင်ရန်လည်း ဆောင်ကြဉ်းပေးလျက်ရှိပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးကိစ္စများကို လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်လာစေရေးအတွက် စီးပွားရေးမြှင့်တင်မှု အစီအမံများကို လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဖြစ်ပွားနေသည့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လည်းကောင်း၊ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်လာစေရေးနှင့် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း၊ အသိပညာအတတ်ပညာများ ရရှိစေရေးနှင့် ကျေးလက်နေ ပြည်သူများ၏ဘဝကို အာမခံချက်ရရှိစေရေးအတွက် လိုအပ်သည့် ငွေကြေးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စများကို လည်းကောင်း ဆွေးနွေးလမ်းညွှန်ခဲ့ပေသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ လျှော့ချရေးနှင့် မိမိဒေသ မိမိတို့ရာသီဥတုနှင့် ကိုက်ညီသည့် အရည်အသွေးပြည့်မီသော သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို လည်းကောင်း၊ အခွန်ကောက်ခံမှုများနှင့်ပတ်သက်၍ ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ

အခွန်နယ်ပယ် ချဲ့ထွင်နိုင်ရေးကိစ္စများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအား အဆင့်နှင့်လျော်ညီသည့် လူနေမှုစနစ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကို လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်သည့် စီးပွားရေးပညာရှင်များ၊ ဥပဒေ ပညာရှင်များ စနစ်တကျ မွေးထုတ်နိုင်ရေးကိစ္စများကိုလည်းကောင်း၊ နိုင်ငံတော်၏ ပညာရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်များတွင် ပြုပြင်ပြောင်းလဲရမည့်ကိစ္စများကို လည်းကောင်း အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ဤစာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် မတ်လအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများ၊ လမ်းညွှန်ချက်များ၊ အမှာစကားများဖြစ်ပါသည်။ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၊ ပြည်သူများသည် ဤစာအုပ်ပါ ဖော်ပြချက်များကို လေ့လာဖတ်ရှုခြင်းအားဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေကို ရှုမြင်သုံးသပ် ဆင်ခြင်နိုင်ရုံသာမက တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် နိုင်ငံသား တစ်ဦးအနေဖြင့် ထက်သန်တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်လျက် စီစဉ်ထုတ်ဝေလိုက်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက် သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

## ( ၁-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၁)ကို မတ်လ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီ ဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ် အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှ စတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒ ပြမှုများမှာ ကိုဗစ်ကာလအကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲမဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကို မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အား အနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်း ဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက် ရှိကြောင်း။

### တာဝန်ပေးအပ်လို

ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ အသစ်ပြန် လည်ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ သက်တမ်း မှာလည်း ဥပဒေအရလဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊

ယခုအချိန်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့်လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကိုတွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေးအရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည် ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေးကင်းရှင်းရန် လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ထားကြောင်း၊ စီးပွားရေးကဏ္ဍ တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်း တိုးတက်အောင်

**စီးပွားရေးကဏ္ဍ တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်း တိုးတက်အောင် ဆောင်ရွက်သွားရမည်၊ ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကောင်စီအဆင့်ဆင့်အနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်။**

ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကောင်စီအဆင့်ဆင့်အနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသည် ကိုဗစ်ရောဂါ ဖြစ်ပွားထိခိုက်မှုနည်းနိုင်ပြီး ငွေပြန်ရလွယ်ကူသည့် ရောင်းကုန်လုပ်ငန်းဖြစ်သည့်အတွက် တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းကြိုးစားဆောင်ရွက်ရေး အားပေးရန်လိုကြောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဦးတည်ချက်များလည်း ချမှတ်ပေးထားကြောင်း၊ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ကျန်းမာရေးဦးတည်ချက်ပါရှိကြောင်း၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် ပြင်ပတွင်ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်း အားကစားနည်းကို ထည့်သွင်းရန်လိုအပ်ကြောင်း၊ ယင်းအားကစားနည်းမှာ အပိုပစ္စည်းမလိုအပ်ဘဲ အားကစားပြုလုပ်နိုင်သည့် ကိုယ်ခံပညာ အားကစားနည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ရိုးရာ အားကစားနည်းများကိုလည်း အားပေးရန်လိုအပ်ကြောင်း။

CDM လှုပ်ရှားမှုဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့်အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့်ဓာတ်ပုံများ အထူးသဖြင့်လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက်

ငွေကြေးသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအချို့မှ စိစစ်တွေ့ရှိချက်များကို တင်ပြရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးသုံးစွဲရန်နိုင်ငံတော်ထည့်ဝင်ငွေနှင့် ပြည်သူလူထု လှူဒါန်းငွေများကို အခြားမသက်ဆိုင်သည့် နေရာများတွင် သုံးစွဲထားသည်ကို တွေ့ရကြောင်း၊ ယင်းသို့ သုံးစွဲမှုမှာ ဘီလီယံများစွာရှိကြောင်း၊ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ စိစစ်ဖော်ထုတ်လျက်ရှိကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့က အသင်းအဖွဲ့များသို့ ဥပဒေနှင့်မညီဘဲ နိုင်ငံခြားငွေများ ဝင်ရောက်နေမှုနှင့် ဆူပူဆန္ဒပြမှု ဖြစ်စဉ်များနောက်ကွယ်မှ လူနှင့်ငွေကြေးပံ့ပိုးနေမှုများအား အရေးယူဆောင်ရွက်ရန်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား ဥပဒေနှင့်မညီသည့်အတွက် အရေးယူဆောင်ရွက်ရန်နှင့် ပြည်ပအဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့နေသည့်ကိစ္စ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများအမြန်ဆုံး စစ်ဆေးထုတ်ပြန်သွားရေးကိစ္စ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်ကိစ္စ၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးကိစ္စ၊ နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာသံတမန်များအား ပြန်လည်စိစစ်ရန်ကိစ္စ၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရေးကိစ္စ၊ လယ်ယာမြေ သန်းခေါင်စာရင်းကောက်ယူရေးကိစ္စ၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးကိစ္စ၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ပြည်ပတွင်ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ရောင်းချခွင့်ရရှိရေး ဆောင်ရွက်ပေးရန်ကိစ္စ၊ ပြီးခဲ့သည့်အစိုးရလက်ထက်က အဂတိလိုက်စားမှုများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ ပြည်သူ့ဆေးရုံကြီးအချို့တွင် တာဝန်ရှိသူများက ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ဥပဒေနှင့်မညီဘဲ ခွင့်ပေးနေသည့်ကိစ္စ၊ ဝန်ထမ်းများ CDM လှုပ်ရှားမှုများကို ပြည်တွင်း၌ ဦးဆောင်နေသူများနှင့် ပြည်ပမှ အကြံပေးနေသူများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုအခြေအနေနှင့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်နေမှုအခြေအနေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ တိုက်ပွဲရှောင်ဒေသများတွင် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် COVID-19 ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့်ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်းရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင်ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များတည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်း

ဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**အောင်မြင်မှုတစ်ခုပင်ဖြစ်**

မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ် အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့်လူမှုစီးပွားဘဝရရှိစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့်အတတ်နိုင်ဆုံး၊အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့်မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၃-၃-၂၀၂၁ )



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) ကို မတ်လ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗဟို ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီး နောက်

ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပထမဦးဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ညှိနှိုင်းရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပါက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်" ဟူသည့် လုပ်ငန်းစဉ် ချမှတ်ထားသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်တွင်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားဆောင်ရွက်သွားရေး" ဟူသည့် ဦးတည်ချက်ချမှတ်ပြီး NCA ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဦးတည်ရည်မှန်းထားခြင်းကိုတွေ့ရမည်ဖြစ်ကြောင်း။

အမှန်တကယ်တွင် NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံး အလိုရှိနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သော အခင်းအကျင်းများကို အုတ်မြစ်ချထားခြင်းဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး သဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားနိုင်မှသာ ပြီးပြည့်စုံသည့် ပြည်ထောင်စုပုံသဏ္ဌာန် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် တွေ့ဆုံညှိနှိုင်း အဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို လိုက်နာရန် အလွန်အရေးကြီးကြောင်း၊ မည်သို့ပင် ကြီးမားသည့် ပြဿနာများဖြစ်ပါစေ နှစ်ဖက်တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ယခင်အစိုးရလက်ထက်က အခြေအနေတစ်ခုကိုပြောရပါက မိမိတို့တပ်မတော်အနေဖြင့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး ကောင်းမွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကို ခေါ်ယူရန် မိမိကိုယ်တိုင် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရကြောင်း၊ ထို့ပြင် မဲမသမာမှုများနှင့်ပတ်သက်ပြီး ယခင် UEC နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရန်၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း တွေ့ဆုံဆွေးနွေးသည့် လမ်းကြောင်းကို ငြင်းပယ်ခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက တာဝန်ပေးအပ်ထားချက်အရ တပ်မတော်က မလွှဲမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့တိုင်းရင်းသားများကြားတွင် မကျေလည်မှုများ၊ သံသယများ၊ မယုံကြည်မှုများ၊ စိုးရိမ်မှုများသည် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဆိုခြင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း NCA ပါ သဘောတူချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည့်အတွက်ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုသည့်အဆင့်မှအပ ကျန်သည့်အစိတ်အပိုင်းများဆောင်ရွက်၍ရပါကြောင်း၊လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ မရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရဟု ထင်မြင်ယူဆနိုင်သော်လည်း ရွေးကောက်ပွဲထပ်မံကျင်းပပြီးပါက လက်ရှိ ရှိနေသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံကိုယ်စားလှယ်များ ဖြစ်လာမည့်အပြင် အများစုအနိုင်ရသည့်ပါတီကလည်း အစိုးရဖွဲ့စည်းပြီး တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လက်ရှိ ရှိနေသည့် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် အစိုးရအစုအဖွဲ့တို့ဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားခြင်းအားဖြင့် မိမိတို့ ရည်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ပိုမိုအကောင်

အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့် ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နှင့် ပတ်သက်၍လည်းကောင်း မည်သို့ပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့်သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့် ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ မိမိဆန္ဒနှင့်မကိုက်ညီပါက ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ထားခြင်းမျိုးသည် ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနှင့် လုံးဝကိုက်ညီမှုမရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းကိုးကွယ်မှုသည်လည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကို ဖြစ်ပေါ်စေပြီး အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သည့်ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့်ခွဲခြားဆက်ဆံမှုများကို

> **ဒီမိုကရေစီနှင့်**
> **ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့်**
> **ပြည်ထောင်စုတည်ဆောက်ရာတွင်**
> **ဒီမိုကရေစီနှင့် ပတ်သက်၍လည်းကောင်း၊**
> **ဖက်ဒရယ်နှင့် ပတ်သက်၍လည်းကောင်း**
> **မည်သို့ပင် အယူအဆအမျိုးမျိုး**
> **ကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့်**
> **သဟဇာတဖြစ်သည့် စနစ်မျိုးကို**
> **ရွေးချယ်ဆောင်ရွက်ရန်လိုအပ်။**

မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မကျင့်သုံးနိုင်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး မိမိတို့လိုရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေဖြင့် ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ (၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ဟူသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း၊ တိုင်းဒေသကြီးများတွင်လည်း တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

သာဓကအားဖြင့် ၂၀၁၄ ခုနှစ် လူဦးရေစာရင်းအရ ရှမ်းပြည်နယ်တွင်လူဦးရေ ၅၈ သိန်းကျော် ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးတွင် ရှမ်း ၃၅ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဗမာ ၁၁ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပအိုဝ်း ၈ ဒသမ ၉၄ ရာခိုင်နှုန်း၊ ပလောင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ 'ဝ' ၆ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဓနု ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ကိုးကန့် ၃ ဒသမ ၂၂ ရာခိုင်နှုန်း၊ လားဟူ ၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဂုမ်းဖော ၂ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသား ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ရောနှောနေထိုင်နေခြင်းကို တွေ့ရကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်ဆိုပါက လူဦးရေ ၁၆ သိန်းကျော်ပျံ့နှံ့နေထိုင်လျက်ရှိပြီး လူဦးရေအချိုးတွင် ဗမာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဂုမ်းဖော ၁၈ ဒသမ ၉၇ ရာခိုင်နှုန်း၊ လီဆူး ၇ ရာခိုင်နှုန်း၊ ရဝမ် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ လောဝေါ် ၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁ ဒသမ ၅၇ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသားများ

အနေဖြင့် ၈ ရာခိုင်နှုန်း ရောနှောနေထိုင်နေသည်ကို တွေ့ရကြောင်း၊ ရှမ်းပြည်နယ်ဟုဆိုသော်လည်း ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်ဟုဆိုသော်လည်း ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းသာ ရှိသည့်အတွက် လူမျိုးအလိုက် ပြည်နယ်သတ်မှတ်လိုက်ခြင်းသည် အခြားလူမျိုးများကိုလည်း မိမိတို့လူမျိုးနာမည်နှင့် ပြည်နယ်တောင်းဆိုမှုများ ဖြစ်ပေါ်လာသည်ကိုလည်း ကြုံတွေ့နေရကြောင်း၊ လူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ပြည်နယ်အတွင်းတွင်နေထိုင်သည့် လူမျိုးအားလုံးက ပိုင်ဆိုင်ခြင်းဆိုသည့်လက္ခဏာဆောင်သည့် ဒေသအမည်ကိုအစွဲပြုသည့် ပြည်နယ်အမည်ဖြစ်ပေါ်လာနိုင်ပါက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်မည်ဟု မိမိယူဆကြောင်း၊ ယင်းနှင့်ပတ်သက်၍လည်း အားလုံးက ဝိုင်းဝန်းစဉ်းစားအဖြေရှာသွားရန် တိုက်တွန်းလိုကြောင်း။ မိမိတို့ ယနေ့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက်လူငယ်များအတွက် တည်ငြိမ်သည့် အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခု ဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ဖော်ဆောင်နေခြင်းမဟုတ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်တာဝန် လွှဲပြောင်းရယူခဲ့ပြီးနောက်တွင် လိုအပ်သောတည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ပြီး ရွေးကောက်ပွဲအနိုင်ရရှိသည့်ပါတီကို အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်သည်အထိ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပါအဝင် နယ်မြေအသီးသီးမှဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွဲချော်နေသည့် လုပ်ငန်းစနစ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည့် လုပ်ငန်းစဉ်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်တည့်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် တပ်မတော်အနေဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်သည့် အမျိုးသားနိုင်ငံရေးကို ဦးတည်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများ ကျင်းပနိုင်ခဲ့မှုနှင့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့မှု၊ ငြိမ်းချမ်းရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့မှု၊ အစိုးရ၊ NCAS–EAO ခေါင်းဆောင်များ သီးသန့်ဆွေးနွေးနိုင်ခဲ့မှုများနှင့် သဘောထားထုတ်ပြန်ချက်များထုတ်ပြန်ခဲ့မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစည်းအဝေးများကျင်းပနိုင်ခဲ့မှု၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ခဲ့မှု၊ ၂၀၂၀ အလွန် အဆင့်အလိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်အလိုက်အကောင်အထည်ဖော်မှုအခြေအနေ၊ လမ်းညွှန်အခြေခံမူသဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရန်အချက်များ ကျန်ရှိမှုအခြေအနေ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးခဲ့မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီယယ်နှင့် ဦးစိုင်းလုံးဆိုင်တို့က ကချင်ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စေရေးအတွက်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းပေးရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေးနှင့် မကြာခဏတွေ့ဆုံဆွေးနွေးနိုင်ရေး၊ တိုက်ပွဲရှောင်ပြည်သူများ အမိုးအကာအောက် ပြန်လည်ရောက်ရှိရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့်ကာလတွင် တိုင်းရင်းသားအားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ယာယီအပစ်အခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားရေး၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ကောလာဟလသတင်းများနှင့်ပတ်သက်၍သတင်းအမှန်အား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ယုံကြည်မှုတည်ဆောက်ရန်၊ ပြည်နယ်အဆင့်

ကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။

## ပြန်လည်ဖွဲ့စည်းသွားမည်

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ကော်မတီများကို ပြန်လည်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများနေရပ်ပြန်နိုင်ရေးနှင့် နေထိုင်မှုအဆင်ပြေစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် တပ်မတော်အပေါ် သဘောထားအမြင် ကွဲလွဲနေမှုအပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပုံမှန်လုပ်ငန်းများသာ ဆောင်ရွက်လျက်ရှိကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး လမ်းကြောင်းအပေါ် လျှောက်လှမ်းရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်းသားအားလုံး ခံစားစေလိုကြောင်း။

## ညှိနှိုင်းဆောင်ရွက်သွားရန်လို

လက်ရှိရောက်ရှိနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရ တွေ့ဆုံဆွေးနွေးမှုများကို အပိုင်း(၄)ပိုင်းခွဲပြီး စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင် ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ NCA အရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး –

(က) ဒီမိုကရေစီ နှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရန်၊

(ခ) တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှုကို ကျင့်သုံးခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် လိုအပ်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စီမံချက်များ ချမှတ်ဆောင်ရွက်ရန်နှင့်

(င) လူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားစေမည့် အခြေခံအကြောင်းအရာများကို သုတေသနပြုဖော်ထုတ်ပြီး ကာကွယ်တားဆီးဆောင်ရွက်သွားရန် စသည့် လမ်းညွှန်ချက် (၅) ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## အခါအားလျော်စွာ ကျင်းပသွားမည်

လုပ်ငန်းကော်မတီအနေဖြင့် လိုအပ်သည့် အချိန်ဇယားနှင့် မဟာဗျူဟာများကို ချမှတ်ပေးပြီး ညှိနှိုင်းရေးကော်မတီက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဗဟိုကော်မတီ အစည်းအဝေးကို လိုအပ်ချက် အပေါ်မူတည်ပြီး အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီသည် ဖွံ့ဖြိုးရေးကိစ္စများ၊ IDP ကိစ္စများ၊ NCA အခန်း (၆) တွင် ပါဝင်သည့် ကြားကာလဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစိတ်ဆောင်ရွက်ရမည့်ညှိနှိုင်းမှုများကိုညှိနှိုင်းရေးကော်မတီက ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျနေသည့်အတွက် ဟန်ချက်ညီအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

( ၈-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၁) ကို မတ်လ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ပထမရက်သတ္တပတ်အတွင်း ပုံမှန်အခြေအနေရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ဆန္ဒပြမှုများရှိသဖြင့် မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်အထိ မြို့နယ် ၂၀၀ ကျော်တွင် ဆန္ဒပြမှုများရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ အကြမ်းဖက်လုပ်ရပ်များ စတင်လာသည်ကိုတွေ့ရပြီး လုံခြုံရေးဝန်ထမ်းများအား ခဲ၊ ဂျင်ကလိ၊ လေးခွ၊ ကုန်းသီး၊ တူမီး၊ လုပ်သေနတ်တို့နှင့် ပစ်ခတ်တိုက်ခိုက်သည့်အပြင် မီးရှို့ဖျက်ဆီးခြင်းလုပ်ရပ်များကိုလည်း ဆောင်ရွက်လာကြောင်း၊ ဆူပူဆန္ဒပြသူအချို့ကို ဖမ်းဆီးခဲ့သော်လည်း တချို့ကို စစ်ဆေးပြီး

ပြန်လွှတ်ရန် စီစဉ်နေကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် အသက်သာဆုံးနှင့် အညင်သာဆုံး ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ရာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ငါးဦး သေဆုံးခဲ့ပြီး အမျိုးသား ၈၅ ဦး၊ အမျိုးသမီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုသို့ သေဆုံးမှုတွင် မန္တလေးမှ အမျိုးသမီးတစ်ဦးနှင့် နေပြည်တော်မှ အမျိုးသမီးတစ်ဦးတို့မှာ ရဲတပ်ဖွဲ့ဝင်များ အသုံးပြုသည့် လက်နက်ကြောင့်မဟုတ်ဘဲ ပြင်ပမှပစ်ခတ်သည့် လက်နက်တစ်ခုကြောင့် ဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း။

**စီစစ်ဖော်ထုတ်နေ**

CDM လှုပ်ရှားမှုမှာ ရုတ်တရက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ယခင်ကတည်းက ကြိုတင်စီစဉ်ထားသည်ဟု ယူဆကြောင်း၊ CDM လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ငွေကြေးစီးဝင်မှု အရင်းအမြစ်များကို စိစစ်ဖော်ထုတ်နေကြောင်း၊ ယမန်နေ့ကလည်း သတင်းထုတ်ပြန်ထားကြောင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများရှိသော်လည်း အစိုးရနှင့် အုပ်ချုပ်မှု အဖွဲ့အစည်းများကိုသာ ဆန္ဒပြခြင်းဖြစ်ပြီး စီးပွားရေးထိခိုက်အောင် လုပ်ဆောင်ခြင်း မရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေး လုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများ ထိခိုက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

ယင်းထက်ဆိုးရွားသည်မှာ ဆရာဝန်များအနေဖြင့် ဆေးရုံများပိတ်ထားခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းမှာ ရန်သူ၊ မိတ်ဆွေ မခွဲဘဲ ကုသပေးရမည်ဖြစ်ပြီး ယင်းကို မျက်ကွယ်ပြု၍ ဆောင်ရွက်နေကြကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုမှာ ဆရာဝန်များအနေဖြင့် ယင်းတို့၏ ကတိသစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ခြင်းဖြစ်သဖြင့် ပြည်သူအပေါ် ယင်းသို့မဆောင်ရွက်သင့်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆေးရုံများ မြန်မြန်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြောင်းခရီးများမှာ ပုံမှန်ပြေးဆွဲနေပြီး မကြာမီ ရက်ပိုင်းအတွင်း ရန်ကုန် – မန္တလေး မီးရထားပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အနည်းငယ်သာ ပြန်လည်ဖွင့်လှစ်သည်ကို တွေ့ရှိရကြောင်း၊ ပုဂ္ဂလိကဘဏ်အားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘဏ်များအတွက် လုံခြုံရေးကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက် ဘဏ်များဖွင့်လှစ်ရန် လိုအပ်ကြောင်း။

ဒီမိုကရေစီစနစ်အရ နိုင်ငံတကာတွင် ဆန္ဒပြမှုများရှိပါကြောင်း၊ ဆန္ဒပြမှုမဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာပါက ဖြိုခွင်းနှိမ်နင်းမှုများ ရှိပါကြောင်း၊ မိမိတို့အနေဖြင့် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း မီဒီယာများက ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ပြမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေမှု အပြည့်အစုံကိုလည်း ဖော်ပြခြင်း မရှိဘဲ ၎င်းတို့လိုအပ်သည့်အပိုင်းများသာ ရွေးချယ်ရိုက်ကူး၍ ထပ်ကာထပ်ကာ ထုတ်လွှင့်ပြီး ပြည်သူများနှင့် နိုင်ငံတကာမှ အမြင်မှားစေရန် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့် အချက်ပါဝင်၊ သို့ဖြစ်၍ အသက်ပြည့်ပြီး မဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင်(သို့မဟုတ်) သက်သေခံကတ်ပြား ဆောင်ရွက်ပေးရမည်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေး အထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်။**

**စစ်ဆေးတွေ့ရှိ**

ပြီးခဲ့သည့်အစိုးရ၏ ပြည်ပစီးပွားရေးအကြံပေးဖြစ်သူ SEAN TURNELL မှာ မြန်မာနိုင်ငံမှတိမ်းရှောင်ရန် ဆောင်ရွက်နေမှုကို အချိန်မီတားဆီးနိုင်ခဲ့ပြီး ၎င်းထံ၌ တိုင်းပြည်၏လျှို့ဝှက်အဆင့်ရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို စစ်ဆေးတွေ့ရှိရကြောင်း၊ ၎င်းနှင့်ဆက်စပ်၍ ပြည်ထောင်စု အစိုးရအဆင့် တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးအချို့သည် ငွေကြေးသုံးစွဲမှုများတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့် မညီညွတ်ဘဲ သုံးစွဲထားသည်ကို တွေ့ရသည့်အတွက် လာရောက်ရှင်းလင်းရန် ခေါ်ယူချိန်တွင် ထွက်ပြေးတိမ်းရှောင်နေကြကြောင်း၊ ယင်းမှာ ၎င်းတို့၏ လုပ်ရပ် မမှန်ကန်၍ဖြစ်ကြောင်း၊ အလားတူ ယခင်တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုနှင့်အထက် အဆင့်ရှိသူများ၏ ဆောင်ရွက်မှုများကို စိစစ်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများရှိသည့်အတွက် အရေးယူနိုင်ရန် လုပ်ဆောင်နေကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအခြေအနေတွင် မြို့နယ် ၁၈ မြို့နယ်၌ စိစစ်ဆောင်ရွက်ခဲ့ရာ မှတ်ပုံတင်မရှိဘဲ မဲပေးသည့် လူဦးရေ ၃၅၀၇၇၀ ရှိသည်ကို တွေ့ရသည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့် အချက်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသက်ပြည့်ပြီး မဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင် (သို့မဟုတ်) သက်သေခံကတ်ပြား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေး အထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း NCA တွင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် ယင်းအချက်ကို ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ဝင်ရောက်ဖြေရှင်းပေးခဲ့**

တပ်မတော်အနေဖြင့် ၁၉၄၈ ခုနှစ်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် ဝင်ရောက်ဖြေရှင်းပေးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံသည် မိမိတို့ထက် လူဦးရေများပြားသည့် နိုင်ငံများအကြားတွင် တည်ရှိသည့်အတွက် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်ဖြစ်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည် တည်တည်ငြိမ်ငြိမ် ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း၊ သတ်မှတ်ထားသည့် နိုင်ငံသားတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပါ ပုဒ်မ ၃၈၆ အရ စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းရန် တာဝန်ရှိကြောင်းရှင်းလင်းပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးခင်မောင်ဆွေနှင့် ဒေါ်အေးနုစိန်တို့က လူမှုကွန်ရက် စာမျက်နှာများမှ အခွန်အကောက်ရရှိရေးနှင့် နည်းပညာအရခြယ်လှယ်နေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့် ဥပဒေများအား ပယ်ဖျက်ရေးနှင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများအား စိစစ်ဖော်ထုတ်အရေးယူသွားရေး၊ ဆူပူဆန္ဒပြမှုများတွင် အသုံးချခံနေရသူများအား နိုင်ငံရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရေး၊ မဲမသမာမှုကိစ္စနှင့် အခြားဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအား အမြန်ဆုံး ပြည်သူသို့ချပြရေး၊ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်စေသည့် ပိုစတာနှင့် ဆိုင်းဘုတ်များအား ရိုက်နှိပ်လျက်ရှိသည့် ပုံနှိပ်လုပ်ငန်းများအား ဖော်ထုတ်အရေးယူသွားရေး၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ ဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာ

ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့် အညီသာ ဆောင်ရွက်ရေး၊ ရပ်ဆိုင်းထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်ဥပဒေများကို ပယ်ဖျက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ CRPH တွင် ပါဝင်နေသူများအား စိစစ်အရေးယူဆောင်ရွက်လျက်ရှိပြီး အချို့ပုဂ္ဂိုလ်များက ၎င်းတို့အနေဖြင့် CRPH တွင် ပါဝင်မှုမရှိသည်ကို ဆက်သွယ်ပြောဆိုလာမှုများရှိကြောင်း၊ အလားတူ အချို့ဆရာဝန်များကလည်း ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်ဆောင်ရွက်မှုများမရှိသည်ကို ဆက်သွယ်ပြောကြားလာကြောင်း၊ ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်မှုမရှိသည့် ကိစ္စရပ်များဆောင်ရွက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ နိုင်ငံရေးတွင် အသုံးချခံမဖြစ်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဆူပူဆန္ဒပြမှုများတွင် မူးယစ်ဆေးဝါးသုံးစွဲထားသည့် လူငယ်များပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် CDM လှုပ်ရှားမှုတွင် ပါဝင်သူ အနည်းငယ်သာရှိကြောင်း၊ CDM တွင် ပါဝင်လှုပ်ရှားမှုမရှိသည့်ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ လူမှုကွန်ရက် စာမျက်နှာတွင် အရှက်ခွဲခြင်းများ ပြုလုပ်နေသူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုရှိအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

## ဖိတ်ခေါ်ရန်လိုအပ်

တိုင်းပြည်စီးပွားရေးအတွက် အဓိက မောင်းနှင်အားဖြစ်သည့် ဘဏ်လုပ်ငန်းများ ပုံမှန် လည်ပတ်စေရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကိုလည်း ဖိတ်ခေါ်ရန်လိုအပ်ပြီး ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်စေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးငယ်များပညာသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများအား COVID–19 စည်းကမ်းချက်များနှင့်အညီ တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် တင်ပြထားသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း COVID–19 စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

မဲမသမာမှုနှင့် ငွေကြေးအလွဲသုံးစားဆောင်ရွက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များအား သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြည်သူသို့အသိပေး ထုတ်ပြန်ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေး ပြုလုပ်ရာတွင် ရိုးသားမှုရှိရန်လိုကြောင်း၊ မိမိထောက်ခံမှုရအောင် ဆောင်ရွက်ပြီး အခြားသူကို ပုတ်ခတ်ပြောဆို၍ နှစ်နာအောင် ဆောင်ရွက်ခြင်းသည် မရိုးသားသည့်နိုင်ငံရေးဖြစ်သဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း၊ မရိုးသားသည့် နိုင်ငံရေးဆောင်ရွက်ချက်များကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း တိုင်းပြည်ကောင်းအောင် ရိုးရိုးသားသားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

( ၈-၃-၂၀၂၁ )

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံများရဲ့ အဓိကကျတဲ့ အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်မှာ မတ်လ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ပါတယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှာ အမျိုးသားများနှင့်ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီး သူရဲကောင်းများစွာရှိခဲ့ကြသလို ခေတ်အဆက်ဆက်မှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များမှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံ လူဦးရေ ၅၄ ဒသမ ၉ သန်းခန့်မှာ အမျိုးသမီးပါဝင်မှုက ၅၂ ရာခိုင်နှုန်း ဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေမှာလည်း စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်နေကြတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအမျိုးသမီးများ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကို ကိုယ်စားပြုတဲ့အနေနဲ့ နှစ်စဉ် မတ်လ ၈ ရက်နေ့ ရောက်တိုင်းအပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာမှာ အခမ်းအနားတွေကျင်းပတဲ့နည်းတူ ကျွန်တော်တို့ နိုင်ငံမှာလည်း မြန်မာအမျိုးသမီးများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေဖို့ အခုလို နိုင်ငံတော်အဆင့်အခမ်းအနားများ ကျင်းပရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာမှာ အမျိုးသမီးတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းဖြေရှင်းပြီး ၎င်းတို့ရဲ့ စွမ်းပကားတွေ မြင့်မားလာစေဖို့အတွက် အမျိုးသမီးအရေးတွေကို နေရာအနှံ့မှာ ဘက်စုံထောင့်စုံကနေ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများရဲ့အခန်းကဏ္ဍ တိုးတက်မြင့်မားရလေအောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲအကောင်အထည်ဖော်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲထားရှိမှု၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan – MSDP)၊ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်

(COVID–19 Economic Relief Plan – CERP)ကို ရေးဆွဲ အကောင်အထည်ဖော်မှုတို့ဟာ မြန်မာအမျိုးသမီးများ အတွက် ထိရောက်တဲ့ အထောက်အပံ့ကောင်းများ ရရှိစေတဲ့လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

ထပ်မံရေးဆွဲနေတဲ့ COVID–19 ကပ်ရောဂါအလွန် မြန်မာနိုင်ငံရဲ့ စီးပွားရေးပြန်လည်ထူထောင်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက် (Myanmar Economic Recovery and Reform Plan–MERRP) ကဲ့သို့သော နိုင်ငံတော်ရဲ့ စီးပွားရေးကုစားမှု စီမံချက်တွေမှာလည်း ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းပကားမြှင့်တင်မှု ရှုထောင့်တို့ကို ပေါင်းစပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂက ယခု ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ချမှတ်ထားတဲ့ ဦးတည်ချက်ဆောင်ပုဒ်ကတော့ Women in leadership: Achieving an equal future in a COVID–19 world (တန်းတူညီမျှတဲ့ အနာဂတ်ဖော်ဆောင်ဖို့ အမျိုးသမီး ကဏ္ဍမြှင့်တင်လို့ COVID–I9 တုံ့ပြန်စို့) ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်ပုဒ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ လုပ်ဆောင်မှုများက ကိုက်ညီမှုရှိနေတယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

> **ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ခုမှာလည်း ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေးဆိုတဲ့ အချက်ပါရှိပြီး ဒီအချက်ကို မြန်မာနိုင်ငံအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေမှာ ချိတ်ဆက်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။**

ဒါ့အပြင် ကမ္ဘာ့ကပ်ရောဂါ COVID–19 ကြောင့် ယိုယွင်းပျက်စီးနိမ့်ကျခဲ့ရတဲ့ ကဏ္ဍပေါင်းစုံကို ပြန်လည် ထူထောင်နိုင်ရေးမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြလျက် ရှိပါတယ်။ စစ်မှန်တဲ့ တန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသမီးများနဲ့ အမျိုးသမီးငယ်တွေရဲ့ တစ်ဦးချင်းတန်ဖိုးကို အသိအမှတ်ပြုသလို မိသားစု၊ ရပ်ရွာနဲ့ လူ့အဖွဲ့အစည်းအတွက် ၎င်းတို့ရဲ့ တန်ဖိုးရှိမှုကိုလည်း လေးစားအသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ လူတိုင်း ကျား/မ မဟူ၊ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနဲ့ တန်းတူရည်တူ အခွင့်အရေးရှိခြင်းကို အလေးအနက်ဂရုပြုရန်ဆိုတာကို ဖော်ပြထားပါတယ်။ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းမှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများ ညီလာခံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း (Beijing Declaration) ဘေဂျင်း လုပ်ငန်းစီမံချက်ကို အတည်ပြုချမှတ်ခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ခုမှာလည်း ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေးဆိုတဲ့ အချက်ပါရှိပြီး ဒီအချက်ကို မြန်မာနိုင်ငံအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေမှာ ချိတ်ဆက်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဒီနေ့အချိန်ကာလဟာ ကမ္ဘာ့နိုင်ငံများအားလုံးCOVID–19 ကပ်ရောဂါ ဖြစ်ပွားမှုများနဲ့ ရင်ဆိုင်နေရချိန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီကပ်ရောဂါကို အန်တုရင်ဆိုင်ရင်း ဒီရောဂါဖြစ်ပွားမှုကြောင့် ယိုယွင်းပျက်စီးအားနည်းခဲ့ရတဲ့ ကဏ္ဍ

ပေါင်းစုံကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းနေကြပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့အတူ အင်တိုက်အားတိုက်၊ စိတ်ပါလက်ပါ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေကြတာကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရတဲ့အတွက် မြန်မာအမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးတွေကို ပိုမိုမြှင့်တင်ကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံက တတ်နိုင်သရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများနဲ့ အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။

ဒီလိုဆောင်ရွက်ခြင်းအားဖြင့် မြန်မာအမျိုးသမီးများအနေနဲ့ ကျွန်တော်တို့ ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ ပိုမိုပါဝင်ခွင့်ရရှိကြကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးစွာသောအထောက်အကူ ပြုနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းမှာ အဓိကအင်အားစုကြီးတစ်ခုဖြစ်တဲ့ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်မှာ နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့ကြသလို ယနေ့ကာလမှာလည်း COVID-19 ကပ်ရောဂါအပါအဝင် တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုများနဲ့ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အမျိုးသမီးများရဲ့စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကဏ္ဍစုံမှာ အောင်မြင်တဲ့ မြန်မာအမျိုးသမီးများဖြစ်ကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၃/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၁၁-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၃/၂၀၂၁) ကို မတ်လ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ ဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့စီမံခန့်ခွဲရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်မှာ တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် တစ်လကျော်ကာလအတွင်း တချို့လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်မှုများရှိပြီး ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းကိစ္စရပ်များကိုလည်း ဖြစ်နိုင်သည့်လမ်းကြောင်းများမှ ဖြစ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့စတင်တာဝန်ယူသည့်အချိန်မှစ၍ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် COVID-19 ကြောင့် ယိုင်နဲ့သွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ရမည်ဟုပါရှိကြောင်း၊ တိုင်းပြည်၏ အဓိကမောင်းနှင်အားသုံးခုတွင် စီးပွားရေးသည် ပို၍

အဓိကကျကြောင်း၊ ဦးတည်ချက် ၉ ရပ်တွင်ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိက လုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရန်နှင့် အဆိုပါ အချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေး လုပ်ငန်း SME များကိုလည်း အားပေးကူညီ ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ် ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်လာပါက ဝယ်လို အားများ ကောင်းမွန်လာပြီး ရောင်းလိုအားကောင်း၍ လူမှု စီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ရေတို/ရေရှည် ဆောင်ရွက် နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက် သွားကြရန်နှင့် အခြားဌာနများအနေဖြင့်လည်း ပူးပေါင်း ဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်အောင် ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ၏စီးပွားရေးကို အလျင် အမြန် အထောက်အကူပြုနိုင်သည့် ခရီးသွားလုပ်ငန်း အောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်း ကူညီဆောင်ရွက် သွားကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် အောက် ခြေမှစ၍ နယ်ပယ်အားလုံးကို အကျိုးပြုသည့် လုပ်ငန်း တစ်ခုဖြစ်ကြောင်း။

> **စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက် စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် အဆိုပါအချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီ ဆောင်ရွက်ရမည်၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်။**

ဝန်ကြီးဌာနများတွင် ဝန်ထမ်းများ တာဝန်ထမ်း ဆောင်မှု၊ လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ မိမိ တို့သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့ လက်အောက်ဝန်ထမ်းများကို နားလည်အောင် ရှင်းလင်းပြောကြား ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးများနှင့်ပတ် သက်၍ လုပ်ငန်းကျွမ်းကျင်ပြီး နိုင်ငံတော်အပေါ် သစ္စာ စောင့်သိသူများကိုလည်း ထိုက်သင့်သည့်အဆင့်သို့ တိုးမြှင့်ပေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရန်အတွက် လက်တွေ့လုပ်ငန်းများတွင် သင်ကြားပေးခြင်းနှင့် သင်တန်းကျောင်းများတွင် သင်ကြား ပေးခြင်းဖြင့် ဌာနအတွင်း အထက်အောက် ရိုသေလေးစား မှုများ ဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်လာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုသွားရာတွင် ပရမ်းပတာဆောင်ရွက်၍ မရဘဲ စည်းကမ်းနှင့်သာသွားရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန် အတွက် မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီသာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြား သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြ သည့် ပြည်ထောင်စုဝန်ကြီးများက ရခိုင်ပြည်နယ် မောင်တောခရိုင်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ဝန်ထမ်းများနှင့် နေ့စားများအား ဝန်ထမ်းလစာနှစ်ဆနှင့် နေ့တွက်စရိတ်တိုးမြှင့်ခံစားခွင့်ပြုရေး၊ မြန်မာ-ဘင်္ဂလား ဒေ့ရှ်နှစ်နိုင်ငံချုပ်ဆိုထားသည့်သဘောတူစာချုပ်၊စာတမ်း များနှင့် နားလည်မှုစာချွန်လွှာဆိုင်ရာကိစ္စရပ်များ၊ အခွန် ကင်းလွတ်ခွင့်ပြုရေး၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရေးနှင့် ချီး မြှင့်ငွေပေးအပ်ခြင်းဆိုင်ရာများ၊ ကိုဗစ်အထူးချေးငွေ ထုတ်ချေးမှုနှင့် ပြန်လည်အပ်နှံခြင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံများ ကြီးကြပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အရေးပေါ်ရန်ပုံငွေမှ ကျခံ

သုံးစွဲနိုင်ရေး၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လူမှုစီးပွားဖွံ့ဖြိုးရေး ရန်ပုံငွေထားရှိခြင်း၊ ခဲသတ္တုတူးဖော်ရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ယခုကာလတွင် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ဆေးရုံပေါင်း ၁၁၇၇ ခုရှိပြီး အချို့ဆေးရုံများပိတ်ထားသည်ကို တွေ့ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်ဖြစ်သည့် ရန်သူ မိတ်ဆွေခွဲခြားမှု မရှိဘဲ ဆေးကုသပေးရန်ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာစောင့်ထိန်းရန်လိုကြောင်း၊ ဆရာဝန်များအတွက်လည်း ၎င်းတို့၏ ဂုဏ်ဒြပ်နှင့် ကိုက်ညီသည့်ခံစားခွင့်များရရှိအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှလည်း နည်းလမ်းများရှာဖွေဆောင်ရွက်ကြရန်လိုကြောင်း၊ ဆရာဝန်များအနေဖြင့်လည်း မိမိတို့ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သဖြင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း။

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ဘဏ်များသည် ငွေကြေးစီးဆင်းမှုအတွက် အဓိကဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများစည်းကမ်းနှင့် အညီ ပုံမှန်လည်ပတ်ရန်လိုအပ်ပြီး စည်းကမ်းလိုက်နာမှု မရှိသည့် ဘဏ်များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ခေတ်စနစ်နှင့်လျော်ညီသည့် ဘဏ်စနစ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ ပြည်သူများ၏ ငွေကြေးနှင့်ပတ်သက်သော လုပ်ငန်းရပ်များ အဆင်ပြေစွာ ပြန်လည် လည်ပတ်နိုင်ကြမည် ဖြစ်ကြောင်း။

**ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်**

ပညာသင်ကြားရေးနှင့်ပတ်သက်၍ တိုင်းပြည်တစ်ခုတွင် ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အဆင့်မြှင့်တင်ရန် လိုအပ်ပြီး ထိုသို့အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ကျောင်းသား၊ ကျောင်းသူများ အစမ်းသပ်ခံ မဖြစ်စေရေးအတွက် ရှိပြီးသား အမျိုးသားမဟာဗျူဟာ စီမံကိန်းများအပေါ်တွင်သာ အခြေခံပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင်၊ တိုင်းပြည်အတွက်လည်း နစ်နာကြောင်း၊ ထို့ကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ပညာရည် မြှင့်တင်ရေး အတွက် အခြားဝန်ကြီးဌာနများအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

( ၁၅-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ကို မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၀ ရွေးကောက်ပွဲရလဒ်အပေါ် အရေးယူဆောင်ရွက်ချက်နှင့်ပတ်သက်၍ အနိုင်ရပါတီအား ထောက်ခံသူများက ၎င်းတို့၏မကျေနပ်မှုများအား ထုတ်ဖော်ဆန္ဒပြမှုများမှတစ်ဆင့် ယခုအချိန်တွင် ဆူပူအကြမ်းဖက်မှုများအသွင်သို့ ရောက်ရှိလာကြောင်း၊ မိမိတို့အနေ

ဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တတ်နိုင်သမျှ လူအင်အား အနည်းဆုံးဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီး တပ်မတော်အနေဖြင့် လိုအပ်ချက်ရှိသည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များ၏ အနောက်မှနေ၍ ကူညီဆောင်ရွက်ပေးခြင်းနှင့် အခက်အခဲအတားအဆီးများအား ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားမှုနည်းပါးလာသော်လည်း အချို့နေရာများတွင် ဆူပူမှုများသာမက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်မှုများနှင့် ပြည်သူပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခက်ခဲစွာ ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူဆန္ဒပြသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက် ဝင်ရောက်စီးနင်းခြင်း၊ အုပ်ချုပ်မှုရုံးများကို ဝင်ရောက်စီးနင်းခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးချိန်တို့တွင် လူစုကွဲစေရန်အတွက် ပစ်ခတ်ရှင်းလင်းမှုများ ပြုလုပ်ချိန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ဆူပူဆန္ဒပြသူတချို့သေဆုံးပြီး တချို့ဒဏ်ရာရရှိခြင်းများရှိခြင်းကြောင့် မတ်လ ၁၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တို့တွင်လည်း ဆက်လက်ထုတ်ပြန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ စိတ်ရှည်သည်းခံ၍ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း ရဟန်းသံဃာတော်များကိုပင် ထိခိုက်စော်ကားလာမှုများရှိကြောင်း၊ ဆူပူဆန္ဒပြမှုများသည် မြှောက်ထိုးပင့်ကော် ပြုလုပ်နေသူများနှင့် ငွေကြေးထောက်ပံ့နေမှုများရှိခြင်းကြောင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဓိကတာဝန်ရှိသူများဖြစ်ကြောင်း၊ ယခုအခါ ဆေးရုံအချို့ပိတ်ထားသော်လည်း ဆေးရုံအများစုမှာ ပြန်လည်ဖွင့်လှစ်ကုသပေးမှုများပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဆေးရုံများဖွင့်လှစ်ရန်ဆောင်ရွက်ရာတွင် CDM တွင်မပါဝင်သည့် ဆရာဝန်များအား ဖိအားပေးဆောင်ရွက်နေမှုများရှိကြောင်း၊ ဆရာဝန်များသည် ယေဘုယျအားဖြင့် စဉ်းစားချင့်ချိန်နိုင်စွမ်း ရှိသူများဖြစ်သဖြင့် ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရမည့် မိမိတို့၏ ကျင့်ဝတ်များကို လေးစားရန် လိုအပ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေး အတွက် ဆောင်ရွက်လျက်ရှိပြီး အချို့တက္ကသိုလ်၊ ကောလိပ်များတွင် CDM ပြုလုပ်နေသည့် ပညာရေးဝန်ထမ်းများရှိသည်ကို သိရှိရကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ စတင်လျှောက်ထားနိုင်ရေး အတွက်လည်း တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများ ထုတ်ခွင့်ပြုပေးထားကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်များနှင့်ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်မှသာ သက်ဆိုင်ရာဘာသာရပ်များကို ထူးချွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ရန် ဝန်ကြီးဌာနသို့ မှာကြားထားပြီးဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရပ်များအား ထူးချွန်စွာသင်ယူနိုင်ရေးအတွက်ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များကိုလည်း ကောင်းမွန်ပြည့်စုံစွာဖြင့် ဖွင့်လှစ်ပေးထားရန်လိုပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည် ဖြစ်သဖြင့် ပညာရေးကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်ကို ကောက်ယူထားသည့် အချက်အလက်များအရ သိရှိရကြောင်း၊ မြို့နယ်များအလိုက် ကူးစက်မှုနှုန်းလျော့နည်းလာခြင်းသည် ကောင်းမွန်သည့်

အလားအလာပင်ဖြစ်ပြီး COVID-19 ရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း လျော့နည်းလာကြောင်း၊ မကြာခင် အချိန်တွင် မိမိတို့နိုင်ငံ၏ နှစ်သစ်ကူးကာလသို့ ရောက်ရှိ တော့မည်ဖြစ်သဖြင့် နှစ်သစ်ကူးကာလကို အကန့်အသတ် ဖြင့် ခွင့်ပြုနိုင်ရေး စီမံစဉ်းစားဆောင်ရွက်ရန် လိုကြောင်း။

မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်း တို့နှင့်ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာတွင်လည်း ကောင်းမွန်စွာဖြင့် ထားရှိစစ်ဆေး မေးမြန်းမှုများ ပြုလုပ်နေကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ပြောကြားချက်များမှ အချို့ကို သတင်းထုတ်ပြန် ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ ကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ် ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ချိန်တွင်လည်း အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လိုကြောင်း။

ဘဏ်များဖွင့်လှစ်မှုနှင့် ပတ်သက်၍ ဘဏ်များ အားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးသော်လည်း လိုအပ်သောလုံခြုံရေးစီမံဆောင်ရွက်ပေးပြီး ပြန်လည် ဖွင့်လှစ်ရန်အတွက် မှာကြားထားပြီးဖြစ်ကြောင်း၊ ဘဏ် များစတင်ဖွင့်လှစ်ချိန်ကတည်းက နိုင်ငံတော်မှ သတ်မှတ် ထားသည့် ငွေကြေးမူဝါဒများနှင့်အညီ ဆောင်ရွက်မည်ဟု သဘောတူပြီး ဖြစ်ကြောင်း၊ ဖွင့်လှစ်နိုင်မှုမရှိသေးသည့် ဘဏ်များကိုလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ်များပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်များ၌ ငွေကြေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေး များအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းကမ်း ချက်များကို ကျော်လွန်ဆောင်ရွက်နေမှုများ၊ သတ်မှတ် နှုန်းထားများထက် ငွေကြေးများ ကျော်လွန်ဈေးငှား ထားမှုများကိုလည်း စိစစ်တွေ့ရှိရသဖြင့် ဘဏ်များ စနစ် တကျဖြစ်စေရေး နိုင်ငံတော်ဗဟိုဘဏ်မှ ကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပတ်သက်၍ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများအားလုံး သုံးစွဲ သည်ကို တွေ့ရှိရသဖြင့် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ဟု သုံးသပ်ရကြောင်း၊ လျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင် ရွက်လျက်ရှိကြောင်း၊ နေပြည်တော်တွင် Smokeless Industries စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းလောင်းရေအားလျှပ်စစ် ထုတ်လုပ်ရေးအား အဓိက ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်း များနှင့် အခြားလျှပ်စစ်ဓာတ်အား အသုံးပြုလည်ပတ် ရသည့် စက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အတွက်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် မဲစာရင်းများစိစစ်ရာတွင် မဲ မသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို သတင်းစာရှင်း လင်းပွဲတွင် ပြောကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့်

**လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍**
**တရားမျှတပြီး စနစ်တကျရှိစေရေး**
**မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လို၊**
**ရွေးကောက်ပွဲကော်မရှင်တွင်**
**တာဝန်ရှိသကဲ့သို့**
**သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း**
**လူဦးရေစာရင်း မှန်ကန်ရေးအတွက်**
**စနစ်တကျဆောင်ရွက်ရန်လို၊**
**ရွေးကောက်ပွဲနှင့်ပတ်သက်၍**
**ကြိုတင်ပြင်ဆင်မှုကာလများတွင်**
**ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီး**
**ခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်။**

လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်း မှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီး ခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့က နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် စစ်အုပ်ချုပ်ရေး (Martial Law)ဒေသများ တိုးမြှင့်ထုတ်ပြန်ရေး၊ အဂတိလိုက်စားမှုများ ဖော်ထုတ်အရေးယူရေး၊ ဘဏ်များဖွင့်လှစ်ရေးနှင့် ငွေကြေးစီးဆင်းမှုမြန်ဆန်စေရေး၊ တိုင်းရင်းသားစာပေ သင်ကြားပေးနေသည့် ဆရာ ဆရာမများအား ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ပြည်သူလူထုအား ထိရောက်စွာအကာအကွယ်ပေးနိုင်ရေး၊ သတင်းထုတ်ပြန်ချက်များအား အထောက်အထား ခိုင်ခိုင်မာမာဖြင့် ထုတ်ပြန်နိုင်ရေး၊ တရားမဝင်ဖွဲ့စည်းထားသော CRPH တွင် ပါဝင်ပတ်သက်နေသူများအား ရှာဖွေဖော်ထုတ်အရေးယူသွားရေး၊ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပြီး အားပေးကူညီပေးရေး၊ ရေနံမြေများကို ပုဂ္ဂလိက (သို့မဟုတ်) သမဝါယမစနစ်ဖြင့် တစ်ပိုင်တစ်နိုင်လုပ်ခွင့်ပြုရေး၊ ဘာသာရေးကို အကြောင်းပြု၍နိုင်ငံရေးဆောင်ရွက်ခြင်းများ မပြုနိုင်စေရေး၊ မီဒီယာများ၏ ထိုးနှက်တိုက်ခိုက်မှုများကို မီဒီယာဖြင့် ထိရောက်စွာတုံ့ပြန်နိုင်ရေး၊ ဆူပူအကြမ်းဖက်မှု နောက်ကွယ်မှ ထောက်ပံ့နေသည့် ငွေကြေးထောက်ပံ့မှုများ၊ ငွေကြေးစီးဆင်းမှုများကို ဖော်ထုတ်အရေးယူသွားရေး၊ ရပ်ကွက်နှင့်ကျေးရွာစီမံအုပ်ချုပ်ရေးကောင်စီဝင် ခန့်အပ်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်မည့်သူများကို တာဝန်ပေးအပ်နိုင်ရေးနှင့် ၎င်းတို့ကို အကာအကွယ်ပေးရေး၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ အုပ်ချုပ်ရေးယန္တရား ထိထိရောက်ရောက် လည်ပတ်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အချင်းချင်းထိန်းသိမ်း**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒီမိုကရေစီဖြစ်စဉ်နှင့်အညီ နိုင်ငံတော်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးအပိုင်းများကို ညင်သာစွာကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစစ်အုပ်ချုပ်ရေး(Martial Law) သတ်မှတ်ထားသည့် မြို့နယ်များနှင့်ထိစပ်သည့် မြို့နယ်မှ ပြည်သူများအနေဖြင့်လည်း အချင်းချင်းထိန်းသိမ်း သွားကြမည်ဟု မျှော်လင့်ကြောင်း၊ မူလက သာမန်ဆန္ဒပြကြရာမှ နောက်ပိုင်းတွင် ငွေကြေးထောက်ပံ့မှုများ ရှိလာသည့်အတွက်

> **တိုင်းရင်းသားဒေသများ ပညာရည်မြင့်မားရေးအတွက် တိုင်းရင်းသားဒေသများရှိ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လို၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည်။**

သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပွားလာကြောင်း၊ ပြည်ပအဖွဲ့အစည်းအချို့မှလည်း ထောက်ပံ့မှုများရှိလာပြီး နိုင်ငံခြားငွေကြေးစီးဆင်းမှုအပိုင်းတွင် အချို့ဘဏ်များပါ ပတ်သက်မှု ရှိလာသဖြင့် စစ်ဆေးနေကြောင်း။

တိုင်းရင်းသားစာပေသင်ကြားနေသည့် ဆရာဆရာမများအပါအဝင် ဆရာ၊ ဆရာမများအား အဆင့်နှင့် လျော်ညီစွာပိုမိုထောက်ပံ့ပေးနိုင်ရေးသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ ပညာရည်မြင့်မားရေးအတွက် တိုင်းရင်းသားဒေသများရှိ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ထုတ်လုပ်နိုင်ရန်လိုအပ်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုနေသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန် လိုအပ်ပြီး SME လုပ်ငန်းများကိုလည်း အားပေးသွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အဆိုပါငွေကြေးများကို မှန်မှန်ကန်ကန် သုံးစွဲရန်လိုကြောင်း၊ ပြည်တွင်း ခရီးသွားလုပ်ငန်းများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ ငပလီနှင့် ချောင်းသာဒေသများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေနံမြေအဟောင်းများကို သမဝါယမ(သို့မဟုတ်)ပုဂ္ဂလိကစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုကာလတွင် လုံခြုံရေးနှင့်ပတ်သက်ပြီး ဒေသအလိုက် သတိထားဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲလန့်တုန်း ဖျာခင်းလိုသည့်သဘောများလည်း တွေ့ရကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၎င်းမှတစ်ဆင့် ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အရေးတွင် အေးအေးချမ်းချမ်းဖြင့် အေးအတူပူအမျှ ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထားရှိပြီး အမြင်ရှင်းရှင်းဖြင့် ကြည့်ရန် လိုကြောင်း၊ နိုင်ငံတော်အကျိုးကိုရည်ရွယ်၍ လက်တွဲလုပ်ဆောင်ကြရန် ကောင်စီဝင်များအနေဖြင့်လည်း တိုက်တွန်းပေးကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၂၀-၃-၂၀၂၁ )





တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကို ကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်၊ မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ တပ်နယ်မှူးများ၊ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေ ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ မဲစာရင်း များမှားယွင်းသည့် ကိစ္စရပ်များကို ဒီမိုကရေစီ

နည်းလမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း၊ မဲစာရင်းများတွင် ကြီးမားသည့်လွဲမှားမှုများ ဖြစ်ခဲ့ပြီး သာမန် လွဲမှားမှုများ မဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်း မှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အတွက် ယခု အဆင့်ထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အတွေ့အကြုံ အားနည်းပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ ရွေးကောက်ပွဲအတွေ့အကြုံရှိခဲ့ခြင်းဖြစ်ကာ ထိုစဉ်ကတည်းကပင် ရွေးကောက်ပွဲတစ်ခုသည် ဖိအားများရှိနေပါက ရိုးသားသော ရွေးကောက်ပွဲနှင့် မှန်ကန်သောရလဒ် ထွက်ပေါ်သည့် ရွေးကောက်ပွဲ မဖြစ်လာနိုင်သည်ကို အတွေ့အကြုံရရှိခဲ့ကြောင်း။

**စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို**

ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှု မရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန် ခဲယဉ်းကြောင်း၊ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ် အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူများအနေဖြင့် အားမလိုအားမရဖြစ်လာကြသည်ကို တွေ့ရကြောင်း၊ ပြည်သူများက ၎င်းတို့၏ ဆန္ဒအလျောက် အလွှာအသီးသီး၏ ခံစားချက်များကိုမူတည်၍ အစိုးရလုပ်ဆောင်ချက်များအပေါ် အားမလိုအားမရ ဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ရန်ကုန်တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲပြုလုပ်ခြင်း၊ ဆန္ဒမဲပေးခြင်းသည် အနှစ်သာရပင်ဖြစ်သောကြောင့် မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရောက်သည့်နေရာတိုင်းတွင် နှစ်သက်ရာကို မဲပေးရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် တိုက်တွန်းခဲ့ကြောင်း၊ ဖြစ်သင့်သည်ကိုသာ တိုက်တွန်း ပြောပြခဲ့ကြောင်း၊ တပ်မတော်ကို တပ်တွင်းမဲရုံများတွင် မဲပေးခြင်းမှ အပြင်တွင် မဲပေးရမည်၊ ပြည်သူနှင့်အတူ မဲပေးရမည်ဟု ပြောလာသည့်အခါ မိမိအနေဖြင့် ချက်ချင်းပင် သဘောတူခဲ့ကြောင်း၊ ပြည်သူနှင့်အတူ လွတ်လွတ်လပ်လပ် မဲပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးသည့်ကာလ၊ မဲပေးသည့်အချိန်တွင် မဲရုံများနှင့် ပတ်သက်၍ ကြိုတင်မဲပြဿနာများရှိကြောင်း၊ ကြိုတင်မဲများနှင့် စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များပေး၍ မဲပေးခိုင်းသည်ကို တွေ့ရကြောင်း၊ ဥပဒေကို ကျော်လွန်၍ မဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေကို ကျော်လွန်သည့် အမိန့်များကို ထုတ်ပြန်မှုမပြုသင့်ကြောင်း၊ သို့သော် အဆိုပါအချက်များကို မျက်ကွယ်ပြု၍ ကိုဗစ်ဖြစ်သည်ကို အကြောင်းပြကာ ထုတ်ပြန်ထားသည့် အမိန့်များကို တွေ့ရကြောင်း။

**ထည့်သွင်းပြောကြားခဲ့**

ရွေးကောက်ပွဲမတိုင်မီဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများ တွေ့ရှိကြောင်း၊ ပါတီ၏မူဝါဒများ ကြေညာ၍ မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများ ရှိလာကြောင်း၊ထို့ကြောင့်မိမိအနေဖြင့်လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးဆောင်ရွက်ပေးရန် ကြုံသည့်နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကထားဦးတည်၍ ပြောခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး Social Distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊

မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးဝါးသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်း မှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်နေ**

စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကြပ်အတည်း ထိန်းချုပ်မှု၊ တစ်ခြား တစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပို၍ ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်ဆွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ
အောင်မြင်အောင် ဆက်လက်
လုပ်ဆောင်လျက်ရှိ၊
ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့်
နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်
လုပ်ဆောင်သွားမည်ဖြစ်၊ ဒီမိုကရေစီနှင့်
ဖက်ဒရယ်စနစ်ကို အခြေခံသည့်
ပြည်ထောင်စုကို ခိုင်ခိုင်မာမာ
တည်ဆောက်ရန်ဖြစ်။

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန် ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

## ထုတ်ပြန်ဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကိုထုတ်ပြန် ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန် လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာတွေ့ရှိချက်များကိုလည်း သတင်းများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက် ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID–19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသားကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း




နစ်နာဆုံးရှုံးမှုပင် ဖြစ်သောကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူစုလူဝေး မဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြံပြုမှုများ ရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာ တည်ဆောက်ရန်ဖြစ်ကြောင်း။

## အဓိကတာဝန်ရှိ

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းလုံခြုံရေးတွင် အဓိကတာဝန်ရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းလေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည် ကောင်းမွန်မှသာလျှင် Team work ရရှိပြီး အဖွဲ့လိုက် စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ တစ်ဦးချင်းအသိစိတ် ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

( ၂၂-၃-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၁)ကို မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညား အောင်မိုး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည် မှန်းချက်တာဝန်များကို ချပြဆွေးနွေးခဲ့ကြပြီး ကောင်စီဝင်များက ဒေသအလိုက်အခြေအနေများနှင့် တိုင်းပြည်၏ လိုအပ်ချက်အခြေအနေများကို တင်ပြကာ အပြန်အလှန် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်မှုများရှိခဲ့သဖြင့် လုပ်ငန်းများ အထိုက်အလျောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် ဒေသ၊ မည်သည့်ပါတီ၊ မည်သည့်တိုင်းရင်းသားအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ဖြစ်စေ ကောင်စီအဖွဲ့ဝင်များအားလုံးအနေဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်လိုသည့်စိတ်ဖြင့် အားလုံးစုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်အစည်းအဝေးများတွင် ကောင်စီဝင်များ ဆွေးနွေးခဲ့သည့် ဥပဒေများပြန်လည်စိစစ်ရေးနှင့်ပတ်သက်၍ အချို့ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် ဥပဒေသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးအရဆောင်ရွက်သင့်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီး

ဖြစ်၍ အဆိုပါ ဥပဒေများကို ထိန်းကျောင်းဆောင်ရွက်မှုနှင့် ကျင့်သုံးမှုများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

**စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး**

မိမိတို့ကောင်စီ စတင်တာဝန်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့် လှစ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ထိုသို့ဆောင်ရွက်ချိန်တွင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမအချို့ CDM ပြုလုပ်ခြင်းများရှိကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား မွမ်းမံသင်တန်းများဖွင့်လှစ်ချိန်တွင် ပျက်ကွက်သည့် ဆရာ ဆရာမအချို့ရှိကြောင်း၊ ပျက်ကွက်မှုဖြစ်ပွားသည့် ဆရာ ဆရာမများသည် CDM ပြုလုပ်ရန်အတွက် ခြိမ်းခြောက်ခံရမှုများရှိခြင်းကြောင့်ဟု သိရှိရကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ဆေးရုံများမှ ဆရာဝန်များလည်း အလားတူခြိမ်းခြောက်ခံရမှုများရှိသည်ဟု သိရှိရကြောင်း၊ မိမိတို့အား ခြိမ်းခြောက်နေသူများကို သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရန်လိုကြောင်း၊ အချို့ ဆရာ ဆရာမများနှင့် ဆရာဝန်များအနေဖြင့် တာဝန်များ ပြန်လည်ထမ်းဆောင်လိုသော်လည်း အရေးယူခံရမည်ကို စိုးရိမ်သည့်အတွက်ကြောင့်ပျက်ကွက်မှုများရှိနေကြောင်း။

**အစားထိုးခန့်အပ်နိုင်ရေး**

ဝန်ထမ်းများ အများစုမှာ နှစ်ကာလရှည်ကြာစွာကတည်းက တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြစေလိုကြောင်း၊သဘောထားမတိုက်ဆိုင်မှုများရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းတာဝန်များအား ပျက်ကွက်နေမှုမှာ ပြစ်မှုကျူးလွန်သည့်အဆင့် မဟုတ်ပါက ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုသာဖြစ်သဖြင့် ပထမအကြိမ် အနေဖြင့် ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းမည်ဖြစ်ပြီး ထပ်မံစည်းကမ်းဖောက်ဖျက်လာမှသာ ဝန်ထမ်းစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်များ CDM ပြုလုပ်မှုကြောင့် ဆေးရုံအချို့ ပိတ်ထားရသဖြင့် တပ်မတော်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက တောင်းဆိုမှုများရှိကြောင်း၊ တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်မှုကို ခွင့်ပြုထားပြီး ဆက်လက်တာဝန်ထမ်းဆောင်မှုမရှိသည့် လစ်လပ်နေရာများတွင် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် တစ်လတာကာလအတွင်း ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု အကြမ်းဖက်မှုအဆင့်သို့ရောက်ရှိလာကြောင်း၊ ပထမအဆင့်အနေဖြင့် ဆန္ဒပြမှုကို ထိန်းသိမ်းသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပေါက်ခြင်းသာပြုလုပ်ရာမှ ဒုတိယအဆင့်အနေဖြင့် ဂျင်ကလီများ၊ ကုန်းသီးများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လာသည့်အပြင် ဓားဖြင့်ခုတ်ခြင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအချင်းချင်း သတ်ဖြတ်ခြင်းများအထိ ဆောင်ရွက်လာကြောင်း၊ ထို့အပြင် နိုင်ငံ၏ကုန်ထုတ်စွမ်းအားစုတွင် အရေးကြီးသော ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စက်ရုံအလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများနှင့် လုယက်ခြင်းများအထိ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်ထုတ်ပြန် ထိန်းသိမ်းရသည်အထိ ဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူမှုများအားနှိမ်နင်းရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့် အညီသာ အဆင့်အလိုက် ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံသားမှတ်ပုံတင်ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားမှတ်ပုံတင် ရရှိရေးအတွက် ကောင်စီဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မဲစာရင်းများစိစစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မှတ်ပုံတင်မရှိဘဲ မဲပေးသူများများစွာရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါ

**သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုကို လျှော့ချပြီး တိုင်းပြည်၏အရန်အဖြစ် ထိန်းသိမ်းထားရှိရန် လိုအပ်၊ အလားတူ စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းရန် လိုအပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲသွားရန်လို။**

မှတ်ပုံတင်မရှိဘဲ မဲပေးခဲ့သူများထဲတွင် မိမိတို့တိုင်းရင်းသားလူမျိုးများ မဟုတ်သည်ကို စစ်ဆေး တွေ့ရှိရသဖြင့် နိုင်ငံတစ်ဝန်းတွင် ထိုကဲ့သို့သော မှတ်ပုံတင်မရှိသည့် မိမိတို့ တိုင်းရင်းသားမဟုတ်သူများ မည်မျှရှိနေမည်ကို မသိရှိနိုင်ကြောင်း၊ မဲစာရင်းများ စိစစ်ချိန်တွင် ဆန္ဒမဲလက်မှတ်များ ပိုရိုက်ထားမှုများ၊ သိန်းနှင့်ချီ၍ ဆန္ဒမဲလက်မှတ်များ ပျောက်ဆုံးခြင်းနှင့် အချို့ဆန္ဒမဲလက်မှတ်များ ပိုနေသည်ကို တွေ့ရှိရကြောင်း။

ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ ဘဏ်ပိတ်ထားမှုသည် ဥပဒေအားဖောက်ဖျက်ခြင်းဖြစ်သဖြင့် စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိစေရေးအတွက် ပိတ်ထားသည့် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း SME များအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုအတွက် ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် စောဒန်နီယယ်တို့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက် သွားရေး၊ လှိုင်သာယာမြို့နယ်တွင် ကျူးလွန်ခဲ့သည့် လူသတ်တရားခံများကို ထိရောက်စွာ ပြစ်ဒဏ်ချမှတ်နိုင်ရန် အလျင်အမြန် ဆောင်ရွက်ရေး၊ CDM လှုပ်ရှားမှုများနှင့် ပတ်သက်၍ နောက်ကွယ်မှ ကြိုးကိုင်လှုံ့ဆော်နေသူများအား ဖော်ထုတ်ရေး၊ ဝန်ထမ်းများအတွက် လုံခြုံသည့် အကာအကွယ်ပေးရေး၊ သတင်းအမှားများ ဖြန့်ချိနေခြင်းအပေါ် တုံ့ပြန်ဆောင်ရွက်သွားရေး၊ အုပ်ချုပ်ရေးယန္တရားနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်လည်ပတ်နိုင်ရေး၊ မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းများ ထည့်သွင်းပြသရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များတွင် Government to Government ၊ Bank to Bank စနစ်ဖြင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသည့် အသင်းအဖွဲ့များအား ပြန်လည်စိစစ်ဆောင်ရွက်ရေး၊ ဒေသအလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များ ဖြေလျှော့ပေးရေး၊ ပုဂ္ဂလိကဘဏ်များ ပုံမှန်ပြန်လည် ဖွင့်လှစ်လည်ပတ်သွားနိုင်ရေး၊ ဘုရားသုံးဆူနယ်စပ်ဂိတ်တရားဝင်ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဘုရားသုံးဆူ ဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ရေး-ထားဝယ် မဟာဓာတ်အားလိုင်း သွယ်တန်းရေးကိစ္စ ဆက်လက်ဆောင်ရွက်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ တွေ့ဆုံပြီး

မြိတ်ဒေသတွင် ရေအားလျှပ်စစ်စီမံကိန်း လေးခု "စီမံဆောင်ရွက်လျက်ရှိပြီး ဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြိတ်မြို့ငါးလေလံဈေးနှင့် ထားဝယ်စက်မှုဇုန် လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုကို လျှော့ချပြီး တိုင်းပြည်၏ အရန်အဖြစ် ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ အလားတူ စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းရန် လိုအပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုများအား ကုန်ကြမ်းတင်ပို့ခြင်းထက် မိမိတို့နိုင်ငံတွင် ကုန်ချောထုတ်လုပ်၍ တင်ပို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန်လိုအပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်ကြောင်း။

ကောင်စီဝင်များအနေဖြင့် အတွေ့အကြုံများစွာ ရှိသူများဖြစ်ကြသည့်အတွက် ယင်းအတွေ့အကြုံများအပေါ် အခြေခံ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေရန်နှင့် မှတ်ကျောက်တင်ခံရစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုပေါင်းတိုင်ပင် ဆွေးနွေးလုပ်ဆောင်သွားမည်ဆိုပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးကိစ္စရပ်များ ဆက်လက်ဆွေးနွေးရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်ခြားကုန်သွယ်ရေး လုပ်ငန်းများ စနစ်တကျဖော်ဆောင်ရေးနှင့် အကောက်အခွန်မူဝါဒများ ဖြေလျှော့ပေးရေး၊ မြန်မာနိုင်ငံအတွင်း တရားမဝင် နိုင်ငံခြားသားများဝင်ရောက်မှု ထိန်းချုပ်နိုင်ရေး၊ လူနေရပ်ကွက်များအတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ထားရှိမှုများ ပြန်လည်စိစစ်ပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်း လင်း ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

## ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားသုံးဆူဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စ နှင့်ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများအဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

■ ■ ■

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာများအား တင်ပြလျှောက်ထားချက်

( ၂၅-၃-၂၀၂၁ )



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံသို့ တင်ပြလျှောက်ထားခြင်းနှင့် ဩဝါဒခံယူခြင်းအခမ်းအနားကို မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်မင်္ဂလာနေရာ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန် စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ဘွဲ့တံဆိပ်တော်ရဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်

ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေးနှင့် စပ်လျဉ်း၍တင်ပြလျှောက်ထားရာတွင် နေပြည်တော်၌ ဥဏ်ာတော် ၈၁ ပေအမြင့်ရှိ စကျင်ဆင်းတုတော်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ဟူသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ဘူမိဗဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို Angelo Mining Company မှဦးအောင်ခိုင်သန်းမိသားစုတို့က ၂၀၁၃ ခုနှစ်တွင် Shwe Foundation သို့ လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် Shwe Foundation ၏ မေတ္တာရပ်ခံချက်အရ တပည့်တော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ်ဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒများနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် လေ့လာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုအခြေအနေများကိုသိရှိနိုင်ရန်ကျောက်တော်ကြီးအားတူးဖော်၍ X–Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ရပါကြောင်း။

ထိုမှတစ်ဆင့် ထွက်ပေါ်လာသည့် ကျောက်တော်ကြီးအားလုံ့၍ အကြမ်းထည် ပုံဖော်ကြည့်ရှုရာတွင် ဥဏ်ာတော် ၆၅ ပေထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိကာ ပလ္လင်တော် ၁၈ ပေ ထပ်မံထည့်သွင်းနိုင်ရေး လုပ်ဆောင်ခဲ့ရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် သီတဂူဆရာတော်ဘုရားကြီးအား ပင့်ဆောင်၍ လိုအပ်သည့် လမ်းညွှန်မှာကြားမှုများကို ဩဝါဒခံယူခဲ့ပါကြောင်း၊ ထို့အတူ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၊ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီးတို့ထံမှလည်း ဩဝါဒနာယူခဲ့ပါကြောင်း။

ထုဆစ်ပူဇော်သွားမည့်ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ရာတွင်မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသောလက္ခဏာတော်ကြီး၊ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဗဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေဥဏ်ာတော်အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေအမြင့်ရှိမည်ဖြစ်ပြီး ခန့်မှန်းအလေးချိန် အနေဖြင့်ဆင်းတုတော် ၁၇၂၀ တန်၊ ပလ္လင်တော် ၃၀၆၀ တန်စုစုပေါင်း တန်ချိန် ၄၇၈၀ တန်ရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တည်ထားကိုးကွယ်ထားရှိသည့် ကျောက်တော်ကြီးဘုရားများအနေဖြင့် မြန်မာ သက္ကရာဇ် ၁၀၉၂ခုနှစ်၊ အင်းဝမြို့တွင် တနင်္ဂနွေမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မဟာလောကသရဖူ ကျောက်တော်ကြီးဘုရား (ဥဏ်ာတော်အမြင့် ၂၇ ပေ ၆ လက်မ)၊ မြန်မာ

ယခုဆင်းတုတော်ကြီး
တည်ထားကိုးကွယ်ပြီးစီးပါက
မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ
စကျင်ကျောက်တော်ကြီးဖြင့်
ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက်
အကြီးဆုံး၊ ဥဏ်ာတော်အမြင့်မားဆုံး
ဆင်းတုတော်ကြီးဖြစ်လာမည်။

သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ အမရပူရမြို့တွင် တောင်မင်းကြီး ကိုးကွယ်ခဲ့သည့်တောင်မင်းကြီးကျောက်တော်ကြီးဘုရား (ဉာဏ်တော်အမြင့် ၁၃ ပေ ၉ လက်မ)၊ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ မန္တလေးမြို့တွင် မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား (ဉာဏ်တော် အမြင့် ၂၆ ပေ ၃ လက်မ)။ မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ ခရစ်နှစ် ၂၀၀၁ ခုနှစ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်တွင် ရန်ကုန်မြို့၌ တည်ထား ကိုးကွယ်ခဲ့သည့် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား(ဉာဏ်တော်အမြင့် ၃၇ ပေ ၇လက်မ)နှင့် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နေပြည်တော်၌ တည်ထားကိုးကွယ်ခဲ့သည့် မဟာသကျ ရံသီ ကျောက်တော်ကြီးဘုရား (ဉာဏ်တော် အမြင့်၃၂ပေ) တို့ပင် ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများရှိ ထိုင်တော်မူ ဆင်းတုတော်ကြီးများကို လေ့လာခဲ့ရာတွင် ၁၉၈၉ ခုနှစ် တွင် အိန္ဒိယနိုင်ငံ၌ သဲကျောက်၊ နမ်းဖတ်ကျောက်တို့ဖြင့် တည်ထားကိုးကွယ်ခဲ့သည့် Great Buddha ဘုရား (ဉာဏ်တော်အမြင့် ၆၄ ပေ)၊ အေဒီ ၁၂၅၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကြေးပြားသွန်း လုပ်ပူဇော်ထားရှိသည့် Kamakura Daibutsu ဘုရား (ဉာဏ်တော်အမြင့်၄၃ ပေ ၈ လက်မ) နှင့် ၂၀၁၄ ခုနှစ် တွင် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ အာစီကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး စကျင် ကျောက် ကပ်ထားသည့် Phuket Blg Buddha ဘုရား (ဉာဏ်တော်အမြင့် ၁၄၈ ပေ)တို့ဖြစ်သည်ကို တွေ့ရှိရ ပါကြောင်း၊ ထို့ကြောင့် ယခုဆင်းတုတော်ကြီး တည်ထား ကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများ တွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော် အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည် ဖြစ်ပါ ကြောင်း။

ဆင်းတုတော်ကြီးအား နေပြည်တော်တွင် တည် ထားကိုးကွယ်နိုင်ရေးအတွက် ပင့်ဆောင်ရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့ရာတွင် ထုထည်ပမာဏ ကြီးမားသော ကြောင့် မူလဉာဏ်တော်အမြင့်ကိုမထိခိုက်စေဘဲ အစိတ်အပိုင်း လေးပိုင်းခွဲ၍လည်းကောင်း၊ ပလ္လင်တော် ကို အစိတ်အပိုင်းငါးပိုင်းခွဲ၍လည်းကောင်း အပိုင်းလိုက် ဖြတ်တောက်၍ သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရပါ ကြောင်း၊ သယ်ဆောင်နိုင်ရေးအတွက် စကျင်ကျောက် တော်ကြီးတည်ရှိရာမတ္တရာမြို့နယ် စကျင်တောင်မှ မြောင်မြစ်အထိ မြေကြီးကျင်းပေါင်း ၉၂၅၀၇ ကျင်းပါရှိ သည့် တူးမြောင်းဖောက်လုပ်ကာ Barge ရေယာဉ်ပေါ် သို့ တင်ဆောင်နိုင်ရေးလုပ်ဆောင်ခဲ့ရပါကြောင်း၊ ယင်း မှတစ်ဆင့်ရေဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင် ပူဇော်ရ ပါကြောင်း၊ ဆီမီးခုံဆိပ်ကမ်းတွင် အလေးချိန်လျှော့ချခြင်း လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ယင်းမှ တစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်ခဲ့ရခြင်း ဖြစ်ပါကြောင်း။

**တန်ချိန် ၇၆၃၂ တန်**

လက်ရှိအချိန်ထိ နေပြည်တော်သို့ စုစုပေါင်း ငါးကြိမ် သယ်ဆောင်ပြီးစီးခဲ့ပြီး ထပ်မံသယ်ယူပင့် ဆောင်ရန် နှစ်ကြိမ်ကျန်ရှိမည် ဖြစ်ကာ စုစုပေါင်း အလေးချိန် တန်ချိန် ၇၆၃၂ တန်ကို သယ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ နေပြည်တော်သို့ အားလုံးရောက်ရှိပါက အစိတ်အပိုင်းများအားလုံး ပြန်လည်တွဲဆက်ခြင်း လုပ်ငန်းများကို ခိုင်ခိုင်မာမာဖြစ်အောင် အဆင့်မြင့် နည်းပညာများဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆင်းတုတော်ကြီးတည်ထားမည့် ဥယျာဉ်တော်အတွင်း၌ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများ အဆင်ပြေ စေရေးအတွက် ဂန္ဓကုဋိတိုက်များ၊ ဓမ္မာရုံများ၊ မော်ကွန်း တိုက်များ၊ သုဓမ္မာဇရပ်၊ ဘုတ်တလုတ်ရေကန်၊ ရေပန်း များကို ရတနာပုံခေတ် လက်ရာများအတိုင်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ဂန္ဓကုဋိတိုက် အတွင်း၌လည်း ဗုဒ္ဓယဉ်ကျေးမှုများ၊ ဗုဒ္ဓဝင်များကို စကျင်ကျောက်များဖြင့် ထုဆစ် ပူဇော်သွားမည်ဖြစ်ပါ ကြောင်း၊ ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် ငွေကျပ် သန်းပေါင်း ၃၅၃၇၈ ဒသမ ၆ သန်း၊ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၄ သန်းခန့်ကုန်ကျမည်ဖြစ် ပြီး လက်ရှိအချိန်ထိ အလှူငွေလက်ခံခြင်းမရှိသေးဘဲ ဆရာတော်ကြီးများကို

တင်ပြလျှောက်ထားပြီးချိန်မှသာ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါကြောင်း Powerpoint Presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

**ခိုင်ခိုင်ခံ့ခံ့နှင့် ကြည်ညိုဖွယ်ဖြစ်အောင်**

လျှောက်ထားတင်ပြမှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးက အကြီးဆုံးဖြစ်လာမည်ဖြစ်သည့်အတွက် ခိုင်ခိုင်ခံ့ခံ့နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ထုဆစ်လုပ်ဆောင်ကြစေလိုကြောင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးက တင်ပြလျှောက်ထားမှုများအရ ပြည့်စုံမှုရှိပြီး ရဟန်းရှင်လူအများပြည်သူတို့ ဖူးမြော်ကြည်ညိုကြရာတွင် လေးစားယုံကြည်စွာ ဖူးမြော်နိုင်ရေးအတွက် မျက်နှာတော်ကိုသပ္ပာယ်အောင်လုပ်ဆောင်သင့်ကြောင်း၊ ဂုဏ်တော်ကို အာရုံပြု၍ ဖူးမြော်သည်ဆိုသော်လည်း ရုပ်ပွားတော်ကသပ္ပာယ်ဖွယ်ဖြစ်ပါက ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပိုမိုကုသိုလ်ဖြစ်စေသောကြောင့် မျက်နှာတော်ကို ဂရုစိုက်ထုဆစ်ကြစေလိုကြောင်းဖြင့် လည်းကောင်း၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများကိုယ်စား ပဲခူးမြို့မကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာကပြောဆိုရန်မရှိအောင် ပြည့်စုံမှုရှိသော်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သကဲ့သို့ အခိုင်မာဆုံး၊ အရှည်ကြာဆုံးအထိ တည်တံ့အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဒ္ဓါ တရားများကိုတည်တံ့အောင်၊ ဘာသာသာသနာကိုတည်တံ့ခိုင်မြဲတိုးပွားအောင် လုပ်ဆောင်သွားကြစေလိုကြောင်းဖြင့်လည်းကောင်း အကြံပြုမိန့်ကြားတော်မူကြသည်။

မိန့်ကြားမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးတင်ပြလျှောက်ထားပြီး ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။



# မြန်မာ့တပ်မတော်တွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၅-၃-၂၀၂၁ )





မြန်မာ့တပ်မတော်တွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများဖွင့်ပွဲ အခမ်းအနားကို မတ်လ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ မော်ကွန်းတိုက်မှူးရုံးပြခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဘုန်းမီးနေလတောက်ပ

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အဆိုပါ

နိုင်ငံ၏ တပ်မတော်အပေါ်တွင် လုံးဝတည်မှီနေပါကြောင်း၊ တပ်မတော်တစ်ရပ် ရေရှည်တည်တံ့ခိုင်မြဲရေးတွင်တပ်မတော်၏အစဉ်အလာကောင်းများကို တစိုက်မတ်မတ် ဆက်လက်ထိန်းသိမ်းနိုင်ခြင်းအပေါ်တွင်သာ အဓိကမူတည်နေပါကြောင်း၊ နှစ်ပေါင်း ၁၀၀၀ ကျော် မြန်မာ့သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက တပ်မတော် အင်အားတောင့်တင်းချိန်များတွင် နိုင်ငံ၏ဘုန်းမီးနေလ တောက်ပလေ့ရှိပြီး တပ်မတော်အင်အားချည့်နဲ့ပြီး စည်းလုံးညီညွတ်မှုပြိုကွဲချိန်များတွင် တိုင်းပြည်ဖရိုဖရဲဖြစ်လေ့ရှိသည်ကို သမိုင်းကြောင်းက အထင်အရှားပြဆိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွက် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဟူသည့်အချက်ကို မည်သူမျှငြင်းပယ်၍ ရနိုင်မည်မဟုတ်ဘဲ ပကတိတရား အရှိတရားတစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်ကြီးကို စတင်ဖွဲ့စည်းခဲ့သည့်နေ့မှစ၍ ယနေ့အထိ ၇၅ နှစ်ကျော်ကာလအတွင်း အမည်နာမအမျိုးမျိုး ပြောင်းလဲခဲ့သကဲ့သို့ ဦးစီးကွပ်ကဲသည့် ခေါင်းဆောင်များ၊ တပ်မှူးများ၊ အရာရှိ စစ်သည်များလည်း ပြောင်းလဲခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် ပခုံးပြောင်းတာဝန်ယူခဲ့ကြသော်လည်း တပ်မတော်၏ဂုဏ်သည် မှေးမှိန်ခြင်းမရှိဘဲ တောက်ပြောင်နေခြင်းမှာ ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ဦးဆောင်သည့် တပ်မတော်၏ ကောင်းမြတ်သောအစဉ်အလာများကြောင့်ပင်ဖြစ်ပါကြောင်း၊ ယင်းအစဉ်အလာကောင်းများကို တပ်မတော်ကို စတင်တည်ထောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့မှ စတင်မျိုးစေ့ချပေးခဲ့ကြပြီး အဆင့်ဆင့်တာဝန်ယူခဲ့ကြသည့် ခေါင်းဆောင်များ၊ တပ်မှူးများက အစဉ်တစိုက် ဆက်လက်ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့ကြသောကြောင့် ယနေ့တိုင် မတိမ်ကောမပျောက်ပျက်ဘဲ အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့ကာလအထိ ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှစ်ဦး တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များမှာ ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လက်ရှိတာဝန်ထမ်းနေသည့် မိမိတို့ပင်ဖြစ်ပါကြောင်း၊ ရှေ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ တာဝန်ထမ်းဆောင်မှုများကို အကျဉ်းချုပ်ပြောရမည်ဆိုပါက ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်းသည် ၁၉၂၄ ခုနှစ်နိုဝင်ဘာလစရက်တွင်တပ်မတော်သို့ဝင်ရောက်၍ အဆင့်ဆင့်တာဝန်များကိုထမ်းဆောင်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် စစ်ဦးစီးချုပ်(ကာကွယ်ရေးဦးစီးချုပ်) တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

**ဗိုလ်ချုပ်ကြီးနေဝင်း**

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီးနောက် ဂျပန်တို့နှင့် အဆက်အသွယ်ရယူကာ ရဲဘော်သုံးကျိပ်ကို ဖွဲ့စည်း၍စစ်ပညာကို အလျင်အမြန်သင်ယူခဲ့ကြရာတွင် သခင်ရှုမောင် (ခေါ်) ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါကြောင်း၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ စစ်ကြောင်းကြီးလေးကြောင်းဖြင့် ဝင်ရောက်ခဲ့ရာတွင် ဗိုလ်နေဝင်းသည် အတွင်းသူပုန်စစ်ကြောင်း၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပါကြောင်း၊ ထို့နောက် တော်လှန်ရေးဆောင်ရွက်ချိန်များတွင် အဆင့်ဆင့်သောတာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရလက်ထက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ တာဝန်တို့ကိုထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း၊ ထို့နောက် ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ နိုင်ငံတော်သမ္မတတာဝန်၊ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ပါကြောင်း။

**ဗိုလ်ချုပ်ကြီးစန်းယု**

ဗိုလ်ချုပ်ကြီးစန်းယုသည် ၁၉၄၂ ခုနှစ်တွင်

ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်တာဝန်များကို ထမ်းဆောင် ခဲ့ကာ ၁၉၆၃ ခုနှစ်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှ ၁၉၇၄ ခုနှစ် မတ်လ ၇ ရက်နေ့အထိ ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၇၄ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး နိုင်ငံတော်ကောင်စီအတွင်းရေး မှူး၊ ဘဏ္ဍာရေးနှင့်အခွန်ဌာနဝန်ကြီး၊ အမျိုးသား စီမံကိန်း ဌာနဝန်ကြီး၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ ၁၉၈၁ ခုနှစ်တွင် ပါတီလုပ်ငန်းစိစစ်ရေးဥက္ကဋ္ဌ၊ ၁၉၈၁ ခုနှစ် တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အငြိမ်းစားယူခဲ့ပါကြောင်း။

## ဗိုလ်ချုပ်ကြီးတင်ဦး

ဗိုလ်ချုပ်ကြီးတင်ဦးသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ တပ်မတော်သို့စတင်ဝင်ရောက်ခဲ့ပြီး အဆင့် ဆင့်သော တာဝန်များကိုထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် မတ်လ ၈ ရက်တွင် ဗိုလ်ချုပ်ကြီးအဆင့်ဖြင့်

**တပ်မတော်ကို စတင်တည်ထောင်ခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့မှ စတင်မျိုးစေ့ချ ပေးခဲ့ကြပြီး အဆင့်ဆင့် တာဝန် ယူခဲ့ကြသည့် ခေါင်းဆောင်များ၊ တပ်မှူးများက အစဉ်တစိုက် ဆက်လက် ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့ကြသောကြောင့် ယနေ့တိုင် မတိမ်ကော မပျောက်ပျက်ဘဲ အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေခြင်းဖြစ်။**

ကာကွယ်ရေးဦးစီးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

## ဗိုလ်ချုပ်ကြီးသူရကျော်ထင်

ဗိုလ်ချုပ်ကြီးသူရကျော်ထင်သည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ် မတော်(BDA) သို့ တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်၍ အဆင့် ဆင့်သော တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး တာဝန်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)တာဝန်၊ ၁၉၇၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်တို့ကို ထမ်း ဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ကြောင်း။

## ဗိုလ်ချုပ်မှူးကြီး စောမောင်

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် တပ်မတော်သို့ စတင်ဝင်ရောက် ခဲ့ပြီး အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်ကာ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှစတင်၍ ဒုတိယ ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အဆင့်ရာထူးတိုးမြှင့်ခံရပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာ လ ၁၈ ရက်နေ့မှစတင်ကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်မှူးကြီးအဆင့်သို့ တိုးမြှင့် ရရှိခဲ့ပြီး ၁၉၉၂ ခုနှစ် ဧပြီ ၂၄ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၅၂ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သို့ တက်ရောက် ခဲ့ပြီး အဆင့်ဆင့်သော တာဝန်များကိုထမ်းဆောင်၍ ၁၉၈၃ ခုနှစ်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ၁၉၈၅ ခုနှစ်တွင် ဒုတိယကာကွယ်ရေး ဦးစီး ချုပ် (ကြည်း)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၈၆ ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်၊ ၁၉၈၇ ခုနှစ်တွင် ဒုတိယ

ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခံခဲ့ရကြောင်း၊

ထို့နောက် ၁၉၈၈ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) တာဝန်များကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ် ဧပြီ ၂၄ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်ကို စတင်ထမ်းဆောင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးတာဝန်၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တပ်မတော်မှအငြိမ်းစားယူခဲ့ပါကြောင်း။

တပ်မတော်၏ အမျိုးသားရေးဦးဆောင်ဦးရွက်ပြုခဲ့သည့် အစဉ်အလာသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ နှိုင်းယှဉ်၍မရနိုင်အောင် မြင့်မားခဲ့ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်အစဉ်တစိုက်ဦးဆောင်ဦးရွက်ပြုခဲ့ပြီး နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်သော အဖွဲ့အစည်းအဖြစ် ပြည်သူများက ယုံကြည်အားကိုးရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ ကြီးမားသည့် အမျိုးသားရေးအစဉ်အလာကိုတည့်မတ်အောင်ထိန်းကျောင်းခဲ့သူများသည် မြန်မာ့တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်ပါကြောင်း။

## ချီးကျူးဂုဏ်ပြု

တပ်မတော်အား အင်အားတောင့်တင်းခိုင်မာစေရန် ဦးဆောင်ဦးရွက်ပြုခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များကိုချီးကျူးဂုဏ်ပြုပြီး နောင်လာနောက်သား မျိုးဆက်သစ်များက အမြဲအမှတ်ရနေစေရန်အတွက် ယခုကဲ့သို့ခန့်ညားထည်ဝါစွာ ထုဆစ်ဂုဏ်ပြု၍ ယခုကဲ့သို့ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသခြင်းဖြင့် အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို တန်ဖိုးထားမြတ်နိုးလိုစိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး နိုင်ငံတော်ကြီးတိုးတက်ခေတ်မီအောင် ဆောင်ရွက်လိုစိတ်များပွားများလာကာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်သည့်လူ့စွမ်းအားအရင်းအမြစ်များ အဆက်မပြတ် ရှင်သန်လာစေရန်အတွက် ဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။





# (၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၂၇-၃-၂၀၂၁ )





၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် စစ်ရေးပြကွင်းမုခ်ဦးရှေ့တွင် စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**ချီတက်နေရာယူ**

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် သိန်းထွေး ဦးဆောင်၍ ခေတ်လွန်အမြောက်ယန္တရားတပ်ခွဲ၊ ခေတ်လွန်သံချပ်ကာ ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ယန္တရားတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်စိုးမင်းဦး ဦးဆောင်၍ အလံတော် အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မိုးဇော်ထွန်း ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)၊ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)တပ်ခွဲ၊ ဗမာ့အမျိုးသားတပ်မတော် (BNA)တပ်ခွဲ၊ ဗမာ့မျိုးချစ်တပ်မတော်(PBF)တပ်ခွဲ၊ ဗမာ့တပ်မတော် (BA)တပ်ခွဲ၊ မီးတုတ်ကိုင်တပ်ခွဲ၊ ဘယ်ရီတပ်ခွဲ တို့ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်အောင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ဂေါ်ရခါးတောဆောင်းတပ်ခွဲ၊ ပွိုင့် ၃၀၃ ရိုင်ဖယ်တပ်ခွဲ၊ ဘီအေ-၅၂ စတင်းတပ်ခွဲ၊ ဘီအေ-၆၃ တပ်ခွဲ၊ အမျိုးသမီး (ကြည်း၊ရေ၊လေ)

(၁၉၅၇–၁၉၇၂)တပ်ခွဲ၊ တပ်မတော်(ရေ)(၁၉၅၇–၁၉၇၂) တပ်ခွဲ၊ တပ်မတော်(လေ)(၁၉၅၇–၁၉၇၂)တပ်ခွဲတို့ ပါဝင်သည့် ကျန်စစ်သား စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ တပ်မတော် (ကြည်း)(၁၉၇၃–၁၉၈၈) တပ်ခွဲ၊ တပ်မတော်(ရေ) (၁၉၇၃–၁၉၈၈)တပ်ခွဲ၊ တပ်မတော်(လေ) (၁၉၇၃–၁၉၈၈)တပ်ခွဲ၊ တပ်မတော်(ကြည်း) (၁၉၈၉–၁၉၉၉) တပ်ခွဲ၊ တပ်မတော်(ရေ)(၁၉၈၉–၁၉၉၉) တပ်ခွဲ၊ တပ်မတော်(လေ) (၁၉၈၉–၁၉၉၉) တပ်ခွဲ၊ တပ်မတော်(ကြည်း)(၂၀၀၀–၂၀၁၄) တပ်ခွဲတို့ ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ တပ်မတော် (ရေ) (၂၀၀၀–၂၀၁၄)တပ်ခွဲ၊ တပ်မတော် (လေ) (၂၀၀၀–၂၀၁၄) တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၀၀၀–၂၀၁၄)တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) တပ်ခွဲ(၁)၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု တပ်ခွဲတို့ ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်စိုး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

**ချီတက်**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် စိုးတင့် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမျိုးသမီး(အရာရှိ)တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမျိုးသမီး(အခြားအဆင့်) တပ်ခွဲ၊ လေကြောင်းချီတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်



ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတမ်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် ဟန်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသမီး) ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ(၂)၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား)တပ်ခွဲ(၃)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ(၄)တို့ ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်း အဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

အဆိုပါ(၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်း စစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အငြိမ်းစားအရာရှိကြီးများ၊အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏မိသားစုဝင်များ၊ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေး





ကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူး ဆောင်ဘွဲ့ တံဆိပ်ရရှိခဲ့ကြသည့်အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်တပ်မတော်သား (အငြိမ်းစား) ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများ၊ တပ်မတော် ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ခဲ့သည့်အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နိုင်ငံတကာအားကစား ပြိုင်ပွဲများတွင် ဆုရရှိသည့် တပ်မတော်သား အားကစားသမားများ၊ တပ်မတော်နေ့ အလှူရှင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

**လိုက်လံစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး အမြောက် ၁၉ ချက် ဂုဏ်ပြုပစ်ဖောက်သည်။ ထို့နောက်နိုင်ငံတော်



စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် စစ်ရေးပြ အခမ်းအနားသည် အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်၏(၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့် စစ်ရေးပြအခမ်းအနားဖြစ်သကဲ့သို့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ဂုဏ်ပြုအခမ်းအနားကို ပြန်လည်ကျင်းပသည့် စစ်ရေးပြအခမ်းအနားလည်းဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုနှစ်ကျော်ခဲ့သည့်တိုင် ခေတ်အဆက်ဆက်ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် တပ်မတော်အတွက် အလွန်ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

သမိုင်းကြောင်းတစ်လျှောက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ငြိမ်းချမ်းထည်ဝါစွာ စုစည်းရပ်တည်နေထိုင်သည့် မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရပြီး နယ်ချဲ့တို့၏ ဖိနှိပ်မှုအောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်နေခဲ့ကြရကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် မြန်မာ့မျိုးချစ်ခေါင်းဆောင်များအနေဖြင့် နယ်ချဲ့ကို တိုက်ထုတ်ရန် တပ်မတော်တစ်ရပ်ထူထောင်နိုင်ရေး သခင်အောင်ဆန်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဂျပန်၏အကူအညီဖြင့် စစ်ပညာများကို အပင်ပန်းအဆင်းရဲခံသင်ယူခဲ့ကြကြောင်း၊ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်



(BIA)ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို မျိုးချစ်စိတ်ထက်သန်ပြင်းပြသည့် ပြည်သူလူထုနှင့် ပူးပေါင်းမောင်းထုတ်ခဲ့ကြကြောင်း၊ အင်္ဂလိပ်တို့ ဆုတ်ခွာပြီးနောက် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးခဲ့သော်လည်း ပြည်သူလူထုသည် ဆိုးရွားစွာ ညှဉ်းပန်းနှိပ်စက်မှုကို မမျှော်လင့်ဘဲခံခဲ့ရသည့်အတွက် တပ်မတော်အနေဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းလက်တွဲဆင်နွှဲခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း ထို့ကြောင့် ယင်းနေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

**သန္ဓေတည်ပေါက်ဖွားလာ**

ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်(BDA)၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့အမျိုးသားတပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော်(PBF)၊ စက်တင်ဘာလတွင် ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် နယ်ချဲ့ဗြိတိသျှတို့ လက်အောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရယူပေးခဲ့သည့်အတွက် လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် တပ်မတော်လည်းဖြစ်ကြောင်း။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ အယူဝါဒရေးနှင့် တိုင်းရင်းသားရေးတို့အရ ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာရာတွင် တပ်မတော်က ပူပူနွေးနွေးရရှိထားသည့် လွတ်လပ်ရေးကြီး လက်လွတ်မဆုံးရှုံးစေရန် အသက်၊ သွေး၊ ချွေးများစွာကို စတေးပြီး သောင်းကျန်းသူများကို နှိမ်နင်းပေးခဲ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့ စတင်လက်နက်ကိုင်တော်လှန်ခဲ့ရာမှစပြီး အခြားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ နိုင်ငံတကာကလည်း “ရောင်စုံသောင်းကျန်းသူများ”ဟု ကင်ပွန်းတပ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် တပ်မတော် စစ်ဦးစီးချုပ် တာဝန်ထမ်းဆောင်နေသည့် ဗိုလ်ချုပ်ကြီး နေဝင်းသည် ခြေလျင်တပ်အနည်းငယ်၊ လက်ရုံးဝန်ထမ်း တပ်အနည်းငယ်နှင့် ရသမျှအင်အားစုစည်းပြီး နိုင်ငံအနှံ့ ဆူပူသောင်းကျန်းနေသည့် ရောင်စုံသောင်းကျန်းသူများကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်ကာ နိုင်ငံကို တည်ငြိမ်အောင်၊ မပြိုကွဲအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ အကြား စတင်ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ





အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်မတော် အနေဖြင့် နိုင်ငံတော်နှင့်အချုပ်အခြာအာဏာကို ကာကွယ်ရန်တာဝန်ရှိသည့် အဖွဲ့အစည်း ပီသစွာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများကို နှိမ်နင်း ခြင်းသာမက ၁၉၅၀-၆၁ ခုနှစ်ကာလအတွင်းတွင် ပြည်ပကျူးကျော်သူ ကူမင်တန် (တရုတ်ဖြူ)များ၊ ရခိုင်ပြည်နယ်အတွင်းတွင် အခြေပြုလှုပ်ရှားနေတဲ့ ကုလားဆိုးသောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့ကြောင်း၊ ၁၉၆၂-၇၂ ခုနှစ်တွင် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် သောင်းကျန်းသူများကို အမြစ်ဖြတ် တိုက်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ပဲခူးရိုးမတွင် အခြေစိုက်လာသည့် ဗကပများကို ပြည်သူလူထုနှင့်ပူးပေါင်းပြီး ဖြတ် ၄ ဖြတ်စနစ်နဲ့ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့သည့်အတွက် ၁၉၇၅ ခုနှစ်မှာ ပဲခူးရိုးမဒေသအတွင်း ဗကပတို့၏ လှုပ်ရှားမှုကို အဆုံးသတ်စေနိုင်ခဲ့ကြောင်း။

## ပြန်လည်ချေမှုန်းတိုက်ခိုက်နိုင်ခဲ့

၁၉၈၈ ခုနှစ် နိုင်ငံအတွင်း ဆူပူမှုဖြစ်ပွားနေသည့် အပေါ် အခွင့်ကောင်းယူပြီး တပ်မတော်ကို အကျပ်အတည်းတွေ့စေရန်အတွက် ဗကပများသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် စစ်မျက်နှာသုံးခုဖြင့် မိုင်းယန်းဒေသကို လာရောက်တိုက်ခိုက်ခဲ့သောကြောင့် ၈ ရက်ကြာ သမိုင်းဝင်မိုင်းယန်းတိုက်ပွဲဆင်နွှဲခဲ့ရကြောင်း၊ မိုင်းယန်းတိုက်ပွဲတွင် ဗကပတို့အထိနာ အရေးနိမ့်သွားပြီးနောက် အကျိုးဆက်အနေဖြင့် ဗကပအဖွဲ့မှ ကိုးကန့်အဖွဲ့ ခွဲထွက်ပြီး "ဝ" အဖွဲ့က အာဏာသိမ်းလိုက်ခြင်းများကြောင့် ဗကပ(ဗဟို) ပြိုကွဲခြင်းနှင့်အတူ ဗကပအရှေ့မြောက်စစ်ဒေသလည်း လုံးဝချုပ်ငြိမ်းသွားခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ပင် ကရင်ပြည်နယ် မဲသဝေါဒေသကို ထိုးစစ်ဆင်တိုက်ခိုက်လာသည့် သောင်းကျန်းသူများကိုလည်း တပ်မတော်အနေဖြင့် အောင်မြင်စွာ ပြန်လည်ချေမှုန်း တိုက်ခိုက်နိုင်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ်အတွင်း၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ နယ်စပ်တစ်လျှောက်ရှိ သောင်းကျန်းသူစခန်းများစွာကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ၁၉၉၁ ခုနှစ်တွင်လည်း မြစ်ဝကျွန်းပေါ်ဒေသကို ထိုးဖောက်ဝင်ရောက်လာသည့် သောင်းကျန်းသူများကိုလည်း အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရှေ့မြောက်ပိုင်း နယ်စပ်ဒေသနယ်မြေအတွင်း သောင်းကျန်းသူများသည် ကိုးကန့်ဒေသတစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက် ထိန်းချုပ်ရန်နှင့် ထိုမှတစ်ဆင့် နယ်စပ်ဒေသများဖြစ်သည့် မုံးကိုး-ဖောင်းဆိုင်ဒေသမှ မြန်မာပြည်မြောက်ပိုင်း နယ်မြေဘက်သို့ နယ်မြေချဲ့ထွင်နိုင်ရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် လောက်ကိုင်တွင်ရှိသည့် ဌာနချုပ်



အပါအဝင် လက်အောက်ခံတပ်ရင်းများကို အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က မြို့တွင်းတိုက်ပွဲအပါအဝင် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများရယူပြီး လောက်ကိုင်ဒေသကို တိုက်ခိုက်လာသည့် သောင်းကျန်းသူများကို တွန်းလှန်တိုက်ခိုက်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက် ဖြန့်ခွဲတပ်စွဲထားသည့် သောင်းကျန်းသူစခန်းများကိုပါ အောင်မြင်စွာတိုက်ခိုက်သိမ်းယူနိုင်ခဲ့ကြောင်း၊ ထို့နောက် သောင်းကျန်းသူများသည် မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု ဖွဲ့စည်းပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် မုံးကိုး၊ ဖောင်းဆိုင်၊ မန်ကန်စသည့် တပ်စခန်း များနှင့် ၁၀၅ မိုင်စခန်း၊ မုံးပေါ်တပ်စခန်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လာခဲ့သည်ကိုလည်း အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်အမျိုးမျိုးကို အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ပြီး စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သိစေလိုကြောင်း။

## ချီးကျူးဂုဏ်ပြု

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ခဲ့ရာတွင် စွန့်လွှတ်စွန့်စားစွာ အသက်ပေးကာကွယ်တိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်နှင့် တပ်မတော်က ယနေ့အချိန်အထိ အောင်ဆန်းသူရိယဘွဲ့ ၆ ဦး၊ သီဟသူရဘွဲ့ ၅၀ ၊ သူရဘွဲ့ ၅၄၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၁,၈၆၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂,၀၁၈ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂,၉၈၇ ဦးတို့ကို စွမ်းရည်သတ္တိဆိုင်ရာဘွဲ့၊ တံဆိပ်၊ လက်မှတ်များ အသီးသီးချီးမြှင့်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စွမ်းရည်သတ္တိဆိုင်ရာဘွဲ့၊ တံဆိပ်၊ လက်မှတ်များမရသော်လည်း ပေးအပ်တဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်မှုပေါင်း များစွာဖြင့် ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ






ကိုလည်း တန်ဖိုးထားချီးကျူး ဂုဏ်ပြုပါကြောင်းနှင့် ယနေ့အခမ်းအနားတွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိသူများ၏ မိသားစုများကိုပါ ဂုဏ်ယူစွာဖြင့် ဖိတ်ကြားတက်ရောက် စေလျက်ရှိပါကြောင်း။

ယခုစစ်ရေးပြအခမ်းအနားကြီးတွင် မိမိတို့ တပ်မတော်စတင်ဖွဲ့စည်းချိန်တွင် စတင်အသုံးပြုဝတ်ဆင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)၊ ဗမာ့ ကာကွယ်ရေးတပ်မတော်(BDA)၊ ဗမာ့အမျိုးသားတပ်မတော် (BNA)၊ မျိုးချစ်ဗမာ့တပ်မတော် (PBF)၊ ဗမာ့တပ်မတော် (Burma Army)နှင့် လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက် ပြောင်းလဲဝတ်ဆင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝတ်စုံများကို ဂုဏ်ပြုဝတ်ဆင်ပြီး အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရှေးနောင်တော်များအားလုံးကိုအလေးအနက် ဂုဏ်ပြုပါကြောင်း။

ယခုနှစ် စစ်ရေးပြအခမ်းအနားတွင် ခေတ်လွန်အမြောက်နှင့် သံချပ်ကာ ယာဉ်ယန္တရားများ ပါဝင်ပြသမှုသည် လွတ်လပ်ရေးရပြီးစ ရောင်စုံသောင်းကျန်းသူ နှိမ်နင်းမှုစစ်ဆင်ရေးများတွင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့မှုများကို တန်ဖိုးထားပြန်ပြောင်းသတိရစေပြီး ဂုဏ်ပြုသည့်အနေဖြင့် ပါဝင်ဆောင်ရွက်စေခြင်းပင်ဖြစ်ကြောင်း၊ ချို့တဲ့စွာဖြင့် စခဲ့ရသည့် အမြောက်၊ ယန္တရားများသည် ခေါင်းဆောင်အသီးသီး၏ကြိုးပမ်း ဆောင်ရွက်မှုကြောင့် ယခုအချိန်တွင် ခေတ်မီသည့် အမြောက်၊ ယန္တရားများ တပ်ဆင်အသုံးပြုလာနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ဖွဲ့စည်းတည်ဆောက်လျက်ရှိ**

တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် သမားရိုးကျစစ်ပွဲဆင်နွှဲနိုင်သည့် တိုက်စွမ်းရည်နှင့်တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်း တည်ဆောက်လျက်ရှိကြောင်း၊ Standard Army ဖွဲ့စည်း တည်ဆောက်ရာတွင် တပ်မတော်(ကြည်း)ကို လူ၊ လက်နက် ဖွဲ့စည်းမှုအဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ) အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်များ





ကို အဆင့်မြှင့်တင်ခြင်း၊ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားစွမ်းအားအရင်းအမြစ်များသည် တပ်မတော်ကို အကျိုးပြုနိုင်ရုံမျှမက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုပါ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားလူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် ဆေးပညာရှင်၊ အင်ဂျင်နီယာ၊ နည်းပညာကျွမ်းကျင်သူနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူသိပ္ပံပါရဂူနှင့် ပါရဂူဘွဲ့ရ ၁,၂၀၀ ကျော်၊ မဟာဘွဲ့ရ ၁၄,၀၀၀ ကျော်တို့ကို ပြည်တွင်း၊ပြည်ပတွင် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံနှင့် တပ်မတော်အတွက် သက်ဆိုင်ရာ အခန်းကဏ္ဍအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြကြောင်း။

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတု တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ပြုဆု၊ အမှုထမ်းကောင်းဆိုင်ရာဂုဏ်ပြုဆု၊ အနုပညာဆိုင်ရာဂုဏ်ပြုဆု၊ စာပေဆိုင်ရာ ဂုဏ်ပြုဆု၊ စီးပွားရေးဆိုင်ရာဂုဏ်ပြုဆု၊ နည်းပညာဆိုင်ရာဂုဏ်ပြုဆု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဂုဏ်ပြုဆုနှင့် အားကစားဆိုင်ရာဂုဏ်ပြုဆု စသည့် ဂုဏ်ပြုဆုအသီးသီးကို ပေးအပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် တပ်မတော်အနေဖြင့် တပ်မတော်ဂုဏ်ဆောင်နှင့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများစွာကိုလည်း နှစ်စဉ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ ကမ္ဘာ့အိုလံပစ်အားကစားပွဲများ၏ ရေကူး၊ ဘောလုံး၊ သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ်သည့် အားကစားနည်းများတွင် အမာခံအားကစားသမားအဖြစ် ပါဝင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား၊ အားကစားသမားများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်လျက်ရှိရာတွင် လူသားချင်း စာနာထောက်ကူမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး (HADR) လုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် တပ်ဖွဲ့ဝင်များက ၈ နှစ်ကျော်ကာလအတွင်း ပြည်သူ ၂ ဒသမ ၅ သန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည် ၄,၀၀၀ ကျော်ကို ကူညီ ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် COVID-19 ကာလအတွင်း မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပို့ဘလဲယားတို့တွင် ကာလကြာရှည်စွာ ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသား ၁,၁၅၀ ကျော်ကိုလည်း ယခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စစ်ရေယာဉ်များစေလွှတ်ပြီး နိုင်ငံ







အတွင်းသို့ ပြန်လည် ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသေးသည့် နိုင်ငံသားများကို ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံများ မဖွင့်နိုင်သည့်အတွက် ဆေးကုသမှုခံယူရန် အခက်အခဲ ဖြစ်နေသည့် ပြည်သူလူထုကို တပ်မတော်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ လုပ်ဆောင်ပေးခဲ့ရာတွင် ပြည်သူလူထု ပြင်ပလူနာ ၉၀,၀၀၀ ကျော်၊ အတွင်းလူနာ ၃၀,၀၀၀ ခန့်တို့ကို ပြုစုကုသပေးနိုင်ခဲ့ပြီး မွေးလူနာ ၆,၀၀၀နီးပါး တို့ကို ကောင်းမွန်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း။

**လုပ်ဆောင်ပေးနိုင်ခဲ့**

တပ်မတော်(လေ)အနေဖြင့်လည်း HADR လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒုက္ခရောက်နေသူ ပြည်သူများအတွက် ရိက္ခာ ဆေးဝါးပို့ဆောင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ပဋိပက္ခအတွင်း ပိတ်မိနေသည့် ပြည်သူလူထုများ၊ ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေး မကောင်းသူများကိုလည်း တပ်မတော်ရဟတ်ယာဉ်များဖြင့် ရွှေ့ပြောင်းပို့ဆောင်မှုများ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အမြန်ဆုံး အကူအညီလိုအပ်နေသည့်နေရာများကို သွားရောက်ကူညီဆောင်ရွက်ပေးကြရန် အလေးထားမှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် ထိုကဲ့သို့ ပြည်သူလူထုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက် လျက်ရှိကြောင်း၊ အစိုးရအဆက်ဆက်ကာလများတွင် ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းမှုမျိုးစုံပြုလုပ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ပါတီစုံဒီမိုကရေစီကာလတွင်လည်း ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်သည်အထိ ရောက်ရှိခဲ့ကြောင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေး ရပ်တည်ချက်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် မူဝါဒ (၆) ရပ်ကို ချမှတ်၍ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမူဝါဒများသည်လည်း နိုင်ငံ့အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကိုသာရှေးရှုပြီး ရေရှည်မျှော်တွေးချမှတ်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

**ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်





အခတ်ရပ်စဲရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုသည့် ကော်မတီ ၃ ခုနှင့် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်လျက်ကြောင်း၊ ထိုကဲ့သို့ ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်နေသည့်ကာလတွင် လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် တစ်ဖက်သတ်တောင်းဆိုနေမှုများ၊ တရားမဝင်ကုန်ပစ္စည်းကူးသန်းရောင်းဝယ်မှုများ၊ မူးယစ်ဆေးဝါးလုပ်ငန်းများကို လုပ်ဆောင်နေမှုများရှိနေသည်ကိုတွေ့နေရကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေး မဆုံးရှုံးခင်ကာလအထိ ဘုရင့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီစနစ်အပါအဝင် ပုံစံအမျိုးမျိုးဖြင့် တိုင်းပြည်တည်ဆောက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်ကစပြီး ပြည်သူအများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် မားမားမတ်မတ် တည်တံ့ခိုင်မြဲနေရေး ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် နယ်မြေအေးချမ်းတည်ငြိမ်မှုနှင့် လူမှုဘဝ လုံခြုံမှုအပေါ်ထိခိုက်စေလျက်ရှိသည့် အကြမ်းဖက် လုပ်ရပ်များပြုလုပ်ပြီး မိမိတို့လိုလားချက်များကို ရှေ့တန်းတင်တောင်းဆိုနေမှုများသည် မည်သို့မျှမဖြစ်သင့်ကြောင်းကို ပြောလိုကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအနှောင့်အယှက်ဖြစ်နေသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်အတွက် ကိုင်ထားသည့်လက်နက်များကို ဘေးချထားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် အတူတကွဆွေးနွေးညှိနှိုင်းရန် အဓိကလိုအပ်ကြောင်း၊ ထို့အပြင် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လက်မှတ်ရေးထိုးရန်လိုအပ်သကဲ့သို့ လက်မှတ်ရေးထိုးပြီးဖြစ်သည့်အဖွဲ့များအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ သဘောတူညီချက်များနှင့်အညီ နေထိုင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်နှင့် အတူလက်တွဲကြိုးပမ်းသွားကြရန်တိုက်တွန်းလိုကြောင်း။

တပ်မတော်အနေဖြင့် NCA လမ်းကြောင်းမှ တစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေစဉ် အချို့ဒေသများတွင်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ IDP Camp များမှ ဒေသခံတိုင်းရင်းသား ပြည်သူများ ၎င်းတို့၏နေရပ်တွင် ပြန်လည်နေထိုင်နိုင် ရေးအတွက် သက်ဆိုင်ရာနယ်မြေအသီးသီးတွင် မိုင်း ရှင်းလင်းရေး လုပ်ငန်းများအပါအဝင် အခြေခံစားဝတ်နေရေးလုပ်ငန်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်






ပေးလျက်ရှိကြောင်း။

## ကြိုးပမ်းဆောင်ရွက်

တပ်မတော်သည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့်ဥပဒေများကိုလေးစားလိုက်နာဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်စွာဖြင့် နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာတွင် စံနမူနာပြဖြစ်သည့်အဖွဲ့အစည်းအဖြစ် တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့် မိမိတို့သဘောဆန္ဒအလျောက် ရွေးချယ်ပြီး တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်ကြောင်း၊ ထို့ကြောင့် အသက်ခန္ဓာပေးတာဝန်ထမ်းဆောင်နေမှုအပေါ် ဂုဏ်ယူပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြုလုပ်ခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကစ၍ ဖြစ်ပေါ်ခဲ့သည့်အခြေအနေအရပ်ရပ်ကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၉ ဒသမ ၂ သန်းရှိခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြုလုပ်ရန် အကြိမ်ကြိမ် တိုက်တွန်းသော်လည်း မဲပေးပိုင်ခွင့်ရှိသူများကို တပ်မတော်က စိစစ်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ ဒသမ ၄သန်း ကျော်ရှိခဲ့သည်ကို အငြင်းပွားဖွယ် တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ဖြစ်ပေါ်နေသည့် အငြင်းပွားဖွယ်ကိစ္စရပ်များကို NLD ဦးဆောင်သည့် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ထံ ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း တောင်းဆိုချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိရုံမျှမက လျစ်လျူရှုပြီး လွှတ်တော်အသီးသီးခေါ်ယူခြင်းနှင့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်ရေးကိုသာ ကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၀ (ဂ)နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း"ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် NLD အစိုးရ၏ ၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသား ဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းပင်ကြောင်း၊



အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ပြီး တာဝန်လွှဲပြောင်းမှုများ ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာနှင့် အေးအတူ ပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဥပဒေပြုလုပ်ငန်းကိုလုပ်ဆောင်ကြမည့်လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကို စံပြလိုက်နာရန်လိုကြောင်း၊ ၎င်းတို့ ကိုယ်တိုင်က ဥပဒေကို လေးစားလိုက်နာမှုမရှိ၊ ချိုးဖောက်မှု ပြုနေကြပါက မိမိတို့မျှော်မှန်းထားသည့် ဒီမိုကရေစီသည် စည်းကမ်းမရှိသည့် ဒီမိုကရေစီသာဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလည်း ပါတီခေါင်းဆောင်အချို့သည် အဂတိလိုက်စားမှုများစစ်ဆေး တွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ခေတ္တထိန်းသိမ်း စောင့်ရှောက်ထားသည့် ကာလအတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် နိုင်ငံခြားရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေး စသည်တို့ နှင့် ပတ်သက်သည့် မူဝါဒများသည်လည်း တည်ဆဲမူဝါဒများနှင့် ဥပဒေများကို ပြောင်းလဲသွားမည် မဟုတ်ဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားလိုကြောင်း။

**တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် အမြဲထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သည် အိမ်နီးချင်းတပ်မတော်၊ ဒေသတွင်းတပ်မတော်များအပြင် နိုင်ငံတကာတပ်မတော်များနှင့်လည်း မိတ်ဝတ်မပြတ်ဆက်ဆံရေးမူဝါဒများချမှတ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆက်ဆံဆောင်ရွက်သည့်နေရာတွင် အာဆီယံတပ်မတော်များအပါအဝင် မိတ်ဆွေနိုင်ငံများမှ တပ်မတော်များနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ လေ့ကျင့်မှုများ၊ လုပ်ဆောင်ကာ အပြန်အလှန် လေ့လာသင်ယူမှုများနှင့် နားလည်ယုံကြည်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့စစ်ရေးပြအခမ်းအနားသို့ ဂုဏ်ပြုတက်ရောက်ပေးသည့် ရုရှားတပ်မတော်မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုလည်းအထူးကျေးဇူးတင်ရှိပါကြောင်း၊



အနေဝေးသော်လည်း ရင်းနှီးခင်မင်စွာဖြင့် မိတ်ဆွေရင်းပီသစွာ မိမိတို့တပ်မတော်အပေါ် အစဉ်အမြဲ ထောက်ခံကူညီဆောင်ရွက်ပေးလျက်ရှိသော ရုရှားနိုင်ငံအစိုးရနှင့် တပ်မတော်က တာဝန်ရှိသူများအားလုံးကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း၊ တပ်မတော်သည်မှန်ကန်မွန်မြတ်သည့် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဂုဏ်ယူဖွယ်ရာကောင်းသည့် သမိုင်းကြောင်းများကိုလည်း ပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမိနိုင်ငံတော်နှင့် လူမျိုးအပေါ်တွင် မည်သည့်သစ္စာဖောက်မှုမျိုးကိုမဆို မကျူးလွန်ဘဲ သစ္စာစောင့်သိခဲ့သည့် တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးအပေါ်တွင် အကျိုးအမြတ်ရယူရန် မကြိုးပမ်းဘဲ ပေးဆပ်ရေးကိုသာ အစဉ်တစိုက် ဦးတည်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိလူမျိုးကို ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်နိုင်ငံတော်အလံနှင့် ကိုယ်ပိုင်နိုင်ငံတော်သီချင်း သီဆိုနိုင်သည့်လူမျိုးအဖြစ် ကာကွယ်ပို့ဆောင်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ တပ်မတော်သည် အတိတ်ကာလက နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှု အမျိုးမျိုးကို မညည်းမညူ လုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့်လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှု မှန်သမျှသည် တပ်မတော်အတွက်မဟုတ်ဘဲ အမိနိုင်ငံနှင့် တိုင်းရင်းသား ပြည်သူလူထုကောင်းကျိုးဖြစ်ထွန်းပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံနှင့်လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရေး ကိုယ်ကျိုးမငဲ့မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

(၇၆) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီ လမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု အပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ၊ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး၊ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန် အရေးသုံးပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နဲ့ တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



# တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

## ( ၂၈-၃-၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် တာချီလိတ် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက် ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ရန် လာရောက်စဉ် အခါအခွင့် ကြုံကြိုက်သဖြင့် ယခုကဲ့သို့ အမှာစကားပြောကြားရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေ များနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိနေရမည် ဖြစ်ပြီး နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး နိုင်ငံတော်၏ တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော် အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလား တောင့်တသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီ နည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

### ရင်ဆိုင်ကြုံတွေ့ခဲ့ရ

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများလုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှု

များနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများ ရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက် ကျင့်သုံးသည့် ဒီမိုကရေစီကျင့်သုံးပုံချင်း တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ ဒီမိုကရေစီကူးပြောင်းစကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့လိုလားသည့် ပုံစံအတိုင်းဖြစ်စေရေး နည်းလမ်းအမျိုးမျိုးဖြင့် တွန်းအားပေး ဆောင်ရွက်ခဲ့မှုများရှိ၍ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဒီမိုကရေစီ ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ရွေးကောက်ပွဲ ဝင်ရောက်နိုင် စေရေးရွေးကောက်ပွဲဥပဒေကိုပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး ငါးနှစ်တာ သက် တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်သော်လည်း ၇ ရက်နေ့အထိ မဲလက်မှတ်များ ရိုက်နှိပ်လျက်ရှိနေသည်ကိုတွေ့ရှိပြီး ကြိုတင်မဲများ၊ အခြားသော နည်းလမ်းများဖြင့် မဲမသမာမှုများဖြစ်ပေါ် အောင်လုပ်ဆောင်ခဲ့ရာ စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီ နည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**ဆက်လက်လုပ်ဆောင်သွားမည်**

၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်**

တပ်မတော်သားမိသားစုများအနေဖြင့် မိမိတို့၏ တစ်ဦးချင်းလုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး နိုင်ငံ့တာဝန်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲရေးနှင့် ထွန်းကားပြန့်ပွားရေးကိုလည်း ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် ယုံယုံကြည်ကြည်ခိုင်ခိုင်မာမာဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၂၉-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အရာရှိ၊ စစ်သည် မိသားစုများသိရှိစေရန် အနည်းငယ်ပြောကြားလိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း၊ နိုင်ငံတကာ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်၊ ကပ်ရောဂါကြုံတွေ့ချိန်၊ လုံခြုံရေးအရ ဥပဒေကြောင်းအရ ပိုမိုထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ချိန်များတွင် အရေးပေါ်အခြေအနေကို ကြေညာလေ့ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်

ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးပြုလုပ်ကာ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး ယာယီ သမ္မတက တပ်မတော်ကို ထိန်းသိမ်းဆောင်ရွက်ပေးရန်တာဝန် ပေးအပ်လာခဲ့ခြင်းဖြစ်ကြောင်း။

မိမိအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ ရွေးကောက်ပွဲမတိုင်မီကာလတွင် လာရောက်ခဲ့ပြီး တပ်မတော်သားများ၊ မိသားစုများနှင့် တွေ့ဆုံစဉ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ တရားမျှတပြီး ရိုးသား သည့် ရွေးကောက်ပွဲ ဖြစ်စေလိုကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်မဲပေးကြစေလိုပြီး မဲမပေးပါက မိမိတို့၏သဘောထားနှင့်ကိုက်ညီမှုမရှိသူကို ရရှိမည်ဖြစ်သဖြင့် အားလုံးဆန္ဒမဲပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူအားလုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ဖော်ဆောင်ပေးခဲ့ကြောင်း၊ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးကိုသာ အဓိကလိုလားပြီး မည်သည့်အစိုးရတက်လာသည်ဖြစ်စေ အတူတကွ လက်တွဲ၍ နိုင်ငံ၏ ကောင်းရာကောင်းကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ကျော်လွန်လုပ်ဆောင်မှုများ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမစတင်မီ ကြိုတင်ပြင်ဆင်မှုကာလ၌ နိုင်ငံရေးပါတီများ၏ ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများကို တွေ့ရှိရကြောင်း၊ ထို့ပြင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဆောင်ရွက်၍ မရသော်လည်း covID–19 ကို အကြောင်းပြ၍ အမိန့်အမျိုးမျိုးထုတ်ပြန်ကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် မဲစာရင်းများစစ်ဆေးခြင်းကို အသစ်ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် ရွေးကောက်ပွဲကော်မရှင်မှ ထိပ်ပိုင်းတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းခဲ့ရာတွင်လည်း ၎င်းတို့ကော်မရှင်အနေဖြင့် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ကော်မရှင်အနေဖြင့် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ထိန်းချုပ်မှု၊ ပြောဆိုမှုများအတိုင်းသာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်ကို သတင်းစာ ရှင်းလင်းပွဲများ၌လည်း ထည့်သွင်းရှင်းလင်းခဲ့ပြီး ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြေပြင်စစ်ဆေးတွေ့ရှိချက်များကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် နေ့စဉ်အသေးစိတ် ထုတ်ပြန်ပေးလျက်ရှိပြီး ယခင်တပ်မတော်မှ ထုတ်ပြန်ခဲ့သည့် စစ်ဆေးတွေ့ရှိချက်ထက်ပင် မဲမသမာမှုများ ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း။

တပ်မတော်မှ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ NLD ပါတီဝင်များနှင့်ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်ဆွဲ၍ နိုင်ငံတော် အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာအဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း။

ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့် အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပ မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းသို့ ဆူပူဆန္ဒပြမှုများသည် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး ငြိမ်းချမ်းစွာသတ်မှတ်ချက်များနှင့်အညီ ဆန္ဒပြခြင်းများရှိသကဲ့သို့ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဥပဒေနှင့်အညီ ဖြိုခွင်းခဲ့ရမှုများလည်းရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူကိုသေစေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်း၊ အမိန့်ပေးခြင်းများမရှိခဲ့ဘဲ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အေးချမ်းစွာနေထိုင်လိုသူများ၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ လုပ်ဆောင်လာခဲ့၍သာလျှင် မလွှဲသာမရှောင်သာဆောင်ရွက်ခဲ့ရခြင်းများ ရှိခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး coVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင်ဖြစ်သောကြောင့် ကျောင်းများ စနစ်တကျပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း။

## အားလုံးကြိုးပမ်းဆောင်ရွက်

တပ်မတော်သည် တိုင်းပြည်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူက အားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန် အမြဲအသင့်ပြင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ တပ်မတော်အပေါ် တိုင်းပြည်အပေါ်ထားရှိသည့်ကောင်းမွန်သည့်စိတ်ရင်း၊စိတ်ဓာတ်များအတွက်လည်း လေးစားချီးကျူးပါကြောင်း၊ တပ်ရင်းတပ်ဖွဲ့များအားလုံးအနေဖြင့် စစ်သည်တစ်ဦးချင်းမှစ၍ အရည်အချင်းရှိအောင်၊ တိုးတက်အောင်တည်ဆောက်ပြီး မိမိတို့၏ လုပ်ဆောင်ချက်အားလုံးသည် တိုင်းပြည်အတွက် ဖြစ်ရမည်ဟူသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်၊ အကျိုးရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တစ်ဦးချင်း၏ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားနှင့်အဖွဲ့လိုက်လုပ်ဆောင်ရသည့် အားကစားပြိုင်ပွဲများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် မိမိကိုယ်တိုင်စာဖတ်ရန်လိုအပ်ပြီး မိမိတို့၏ ကလေးငယ်များကိုလည်း စာဖတ်အောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သိရှိအောင်လည်း သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို ကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ဆောင်ရန်မှာ မိမိတို့ပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏တာဝန်ဖြစ်ပြီး ကောင်းမွန်သောအမွေများကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရေး ခိုင်ခိုင်မာမာ ယုံကြည်ချက်ရှိရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## လူသုံးကုန်ပစ္စည်းများကို ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့်လူသုံးကုန်ပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။ ထို့နောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

## ရှင်းလင်းတင်ပြ

ယနေ့ နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများ၊ နယ်မြေဒေသ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တပ်မိသားစု သက်သာချောင်ချိရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ CovID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တပ်မိသားစုဝင်များနှင့်ဒေသခံပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်အနေဖြင့် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်း၊ လာအို၊တရုတ်နိုင်ငံတို့နှင့် နယ်စပ်ဒေသများတစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးနှင့် သတင်းအချက်အလက်ပူးပေါင်းဆောင်ရွက်ရေးများကို ထိရောက်စွာ လုပ်ဆောင်ကြရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မတရားသောနည်းလမ်းများအသုံးပြုကာ နိုင်ငံတော်၏ အာဏာကိုရယူရန် ဆောင်ရွက်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ NLD ပါတီအနေဖြင့် မသက်မဖွယ်မဲစာရင်းပေါင်း ၁၀ သန်းကျော်အထိ မသမာမှုများ လုပ်ဆောင်ခဲ့ခြင်းသည် ဒီမိုကရေစီ နည်းလမ်းမကျသည့်လုပ်ရပ်ဖြစ်သဖြင့် လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာလုပ်ဆောင်ခဲ့ရကြောင်း၊ တပ်မတော်၏တရားဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့မှုအပေါ် NLD ပါတီအဖွဲ့ဝင်များနှင့် မလိုလားသူများက လက်မခံနိုင်သည့် လုပ်ဆောင်ချက်များကို ပြုလုပ်လာသည်ကို တွေ့ရှိရပြီး EAOs များကလည်း သံယောင်လိုက် ပြောဆိုမှုများလုပ်ဆောင်လာကြကြောင်း၊ RCSS/SSA အဖွဲ့အနေဖြင့် တပ်မတော်၏ နိုင်ငံတော်၏ တာဝန်ထိန်းသိမ်းဆောင်ရွက်မှုများကို ဦးစွာ ဝေဖန်ပြောကြားခဲ့ကြောင်း၊ KNLA တပ်မဟာ (၅) အနေဖြင့် KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်များကို လိုက်နာမှု မရှိဘဲ ယခုလ ၂၇ ရက်နေ့တွင် တပ်မတော်က အခြေပြုထားသည့် ထီးမူထစခန်းအား NCA ကို လိုက်နာမှုမရှိဘဲ အင်အားအလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်ခဲ့ကြောင်း။

## ပြောကြား

ထိုကဲ့သို့ ဆောင်ရွက်နေခြင်းများမှာ ၎င်းတို့၏နောက်ကွယ်မှ ထောက်ပံ့နေသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အလိုကျပြောဆိုလုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း၊ ၎င်းနိုင်ငံများနှင့် အဖွဲ့အစည်းများသည်လည်း NLD အစိုးရ ဆက်လက်ရှိနေမှသာလျှင် ၎င်းတို့လိုချင်သည့် ပုံစံနှင့် ၎င်းတို့ပြောသည့်အတိုင်း လုပ်ဆောင်သည့်အစိုးရကိုရရှိမည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြောကြားစေခြင်းဖြစ်ကြောင်း၊ EAOs များ၏ လုပ်ဆောင်မှုများကို မပြတ်စောင့်ကြည့်ပြီး ဆက်စပ်နိုင်ငံများကိုလည်း သတင်းဖလှယ်မှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုင်းစစ်ဌာနချုပ်အလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အမြဲစစ်ရေးသတိ၊ စစ်ရေးအသိ ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား

## ( ၁၀-၃-၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈)၂၀၂၁)ကို မတ်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ နှစ်လတာအချိန်ကာလသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် တာဝန်ယူခဲ့သည်ကို အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အကြိမ်ကြိမ်ပြောကြားခြင်းများ ပြုလုပ်ခဲ့သော်လည်း မဲမသမာမှုများဖြင့် အစိုးရဖွဲ့ရန် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကို လိုအပ်သလို အရေးယူဆောင်ရွက်ရန်အတွက် တာဝန်လွှဲအပ်ခြင်းဖြစ်ကြောင်း၊

**နိုင်ငံများအလိုက် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်စနစ်နှင့် ပုံစံများမတူနိုင်၊ အနောက်ဥရောပနိုင်ငံများတွင်ပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသကဲ့သို့ မိမိတို့အာရှနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်၊ မိမိတို့ နိုင်ငံ အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရမည်။**

ဒီမိုကရေစီမရင့်ကျက်သေးသည့် နိုင်ငံဖြစ်ခြင်းကြောင့် သဘောရိုးဖြင့် မဲစာရင်းမှားယွင်းမှုများရှိနိုင်သော်လည်း ယခုဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများသည် စနစ်တကျဖြင့် မှားယွင်းစေရန် ဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ ၃၉ သန်းကျော်တွင် ၁၀ ဒသမ ၄ သန်းမှာ မှတ်ပုံတင်မရှိဘဲ မဲပေးမှုများနှင့် သံသယဖြစ်ဖွယ် မဲပေးမှုများကို စိစစ်တွေ့ရှိရကြောင်း၊ ၂၅ ရာခိုင်နှုန်းကျော် မဲသံသယဖြစ်ဖွယ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသဖြင့် ရှင်းလင်းရန် ပြောကြားခဲ့သော်လည်း ရှင်းလင်းပေးမှု မရှိခဲ့ကြောင်း။

### ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြု

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ရာတွင်လည်း ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံများအလိုက် ဒီမိုကရေစီစနစ်ကျင့်သုံးသည့်စနစ်နှင့် ပုံစံများမတူနိုင်ကြောင်း၊ အနောက်ဥရောပနိုင်ငံများတွင်ပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသကဲ့သို့ မိမိတို့အာရှနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြိမ်းခြောက်၍ မဲပေးခိုင်းခြင်းမဟုတ်ဘဲ ပြည်သူများ၏ ဆန္ဒအရ ဆန္ဒမဲများပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများ ရွေးချယ်ထားသည့် ဒီမိုကရေစီစနစ် မယိမ်းမယိုင်လျှောက်လှမ်းနိုင်ရန်အတွက် ယခုအခါတွင်လည်း စုပေါင်းဦးဆောင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး အရပ်ဘက် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်လျက်ရှိ၍တပ်မတော်မှဝန်းရံပေးနေခြင်းသာဖြစ်ကြောင်း၊ ပြည်သူများ မျှော်မှန်းထားသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သော်လည်း တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် မဲမသမာမှုများ ပြုလုပ်၍ ပြည်သူများရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြုပြီး ပြည်သူလူထုကို စော်ကားခြင်းဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုများကြောင့် မဖြစ်သင့်သည်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာဆုံးဖြတ်ချက်ချထားကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းပြည်တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်အတွင်း မျှတမှုရှိရန်အတွက် PR စနစ်ကျင့်သုံးနိုင်ရေး စဉ်းစားသုံးသပ်ဆွေးနွေးရန်လိုကြောင်း။

### ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိ

မိမိတို့ စတင်တာဝန်ယူပြီး ၃ ရက်မြောက်နေ့မှစ၍ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒဖော်ထုတ်မှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ဆန္ဒပြမှုအဆင့်မှ ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့ဖျက်ဆီးမှု၊ လုယက်တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုများ ဖြစ်ပေါ်လာကြောင်း၊ အဆိုပါဖြစ်စဉ်များကို ရှင်းလင်းရာတွင် ဥပဒေနှင့်အညီသာ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူဆန္ဒပြမှုများကို ဖြေရှင်းရာတွင် ဒီမိုကရေစီ လမ်းကြောင်းပေါ် ကာလရှည်ကြာစွာ လျှောက်လှမ်းလျက်ရှိသည့် နိုင်ငံများ၌ အရေးယူဖြေရှင်းဆောင်ရွက်မှုများမှာ မိမိတို့နိုင်ငံထက် ပိုမိုပြင်းထန်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊

ယခုကဲ့သို့ ဆူပူမှုများ ဖြစ်ပေါ်ချိန်တွင် ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တပ်မတော်စခန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအချို့ကို တိုက်ခိုက်ခြင်းများ ရှိခဲ့ကြောင်း၊ နိုင်ငံရေးခံယူချက်များကြောင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နောက်ကွယ်မှ ပြည်ပနိုင်ငံများက ထောက်ပံ့ပေးမှုများကြောင့် ဆောင်ရွက်နေသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တုံ့ပြန်မှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်းဖြစ်ခြင်း၊ NCA လက်မှတ်ရေးထိုးထားခြင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းလိုခြင်းနှင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်လိုခြင်းများကြောင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် NCA ကို ချိုးဖောက်ခြင်းများကြောင့် အရေးယူတုံ့ပြန်ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် အဆိုပါအဖွဲ့များသည် ငြိမ်းချမ်းရေးလိုချင်သည့် အဖွဲ့အစည်းများဟုတ်၊ မဟုတ်သိနိုင်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ကောင်စီမှ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ COVID–19 ထိန်းချုပ်ရေးဆောင်ရွက်ခြင်းနှင့် COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးပြန်လည်တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စည်ပို့ဆောင်မှုများ ပြန်လည်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ပါက စားရေးတွင် အဆင်ပြေလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်၍ မရကြောင်း၊ စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်ချိန်တွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန် လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်၍ ကျေးလက်နေ ပြည်သူများ၏ဘဝကို အာမခံချက်ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး လိုအပ်သည့် ငွေကြေးနှင့် နည်းပညာများကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ချေးငွေများနှင့် ပတ်သက်၍ တောင်သူများ ထံသို့ စိုက်ပျိုး ရေးချေးငွေထုတ်ပေးရာတွင် အဆင့်ဆင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အတိုဆုံးလမ်းကြောင်းဖြင့် ဆောင်ရွက်ပေးမှသာ တောင်သူများအနေဖြင့် ထိရောက်သော သက်သာမှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် တောင်သူများ၏ ဘဝ၊ ကျေးလက်နေပြည်သူများ၏ဘဝ တိုးတက်အောင် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဆောင်ရွက်ပေးရမည်**

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများပြားလာသည့်အတွက် ရာသီဥတုပူပြင်းလာသည်ကို တွေ့ရှိရကြောင်း၊ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး အရည်အသွေးပြည့်မီသည့် သီးနှံပင်များ စိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့် ဂျုံသီးနှံပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံး ဆန်၊ စပါးဖူလုံစေရန်နှင့် သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲရန်အတွက် ပညာပေးမှု၊

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့်
နိုင်ငံတစ်ဝန်းလုံး ဆန်၊ စပါးဖူလုံစေရန်နှင့်
သွားလာမှုအဆင်ပြေစေရန်
ဆောင်ရွက်ပေးရမည်၊
ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲရန်အတွက်
ပညာပေးမှု၊ လှုံ့ဆော်မှုများကို
ဆောင်ရွက်ပေးရမည်၊
ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းကို
ထိန်းသိမ်း၍ ကုန်းမြင့်လယ်ယာအဖြစ်
အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုပြီး
လိုအပ်သည့် စိုက်ပျိုးရေရရှိရေးကိုလည်း
ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို။

လှုံ့ဆော်မှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းကို ထိန်းသိမ်း၍ ကုန်းမြင့်လယ်ယာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုပြီး လိုအပ်သည့် စိုက်ပျိုးရေရရှိရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးအတွက် ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်နှင့် ဒေါက်တာ ဗညားအောင်မိုးတို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်နိုင်ရေး၊ လုံခြုံရေးအရ လိုအပ်သည့် နေရာများတွင် သီးသန့်ဥပဒေပြဋ္ဌာန်း၍ အထူးတရားရုံးများ ဖွဲ့စည်းဖွင့်လှစ်နိုင်ရေး၊ အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် ဝင်ငွေခွန်ကောက်ခံသည့် နှုန်းထားများပြင်ဆင်သတ်မှတ်နိုင်ရေး၊ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလျက်ရှိသည့် ကောလဟလသတင်းစာမျက်နှာများအား ထိန်းချုပ်ရေး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖော်ဆောင်ပေးနိုင်ရေး၊ ပုသိမ်မြို့၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အသိပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် ပိုမိုအသိအမှတ်ပြုထောက်ပံ့ပေးနိုင်ရေး၊ သတင်းမီဒီယာအဖွဲ့အစည်းများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ လုံခြုံရေးယန္တရားကို အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသအလိုက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် အချက်အချာနေရာများတွင် လုံခြုံရေးတိုးမြှင့်ချထားနိုင်ရေး၊ ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ ဆွမ်းကိစ္စအဆင်ပြေစေရေးအတွက် လိုအပ်သည်များ ထောက်ပံ့လှူဒါန်းနိုင်ရေး၊ အင်တာနက်ဝန်ဆောင်မှု ပိတ်ပင်ထားခြင်းများကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရေး၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ သွေးထိုးစည်းရုံးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများနှင့် စပ်လျဉ်း၍ တန်ပြန်အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ၊ ပါတီများနှင့် အဖွဲ့အစည်းများအား လုံခြုံရေးဆိုင်ရာ အကာအကွယ်များပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသအလိုက် လုံခြုံရေးဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆူပူအကြမ်းဖက်အဖွဲ့အစည်းများက အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် ကြံစည်မှုများ၊ နယ်မြေဒေသလုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြန်လည်စိစစ်သုံးသပ်ပြီး လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အထူးတရားရုံးများ ဖွင့်လှစ်နိုင်ရေးအတွက်လည်း အလေးထားစဉ်းစားသွားမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်းပြီး ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုကြောင်း၊ ဝင်ငွေခွန်နှုန်းထားကို မတိုးမြှင့်ဘဲ အခွန်နယ်ပယ်ကို ချဲ့ထွင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို မှာကြားထားပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခွန်ကောက်ခံမှုသည် အာဆီယံနိုင်ငံများ၏ အခွန်ကောက်ခံမှုထက် နည်းပါးကြောင်း။

အစိုးရဝန်ထမ်းများသည် ပုဂ္ဂလိကဝန်ထမ်းများထက် လစာရရှိမှု နည်းပါးသော်လည်း ပင်စင်လစာအကျိုးခံစားခွင့်ရှိသည့် ဘဝအာမခံချက်ရှိကြောင်း၊ ရရှိသည့် လစာနှင့် လုံလောက်အောင် သုံးစွဲနိုင်သည့် အခြေအနေမျိုးဖြစ်အောင် ဖန်တီးပေးရန်နှင့် အဆင့်နှင့်လျော်ညီသည့် လူနေမှုစနစ်ဖြစ်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်သည့် စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များကို စနစ်တကျ မွေးထုတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်များတွင် ပြုပြင်ပြောင်းလဲရမည့် ကိစ္စရပ်များရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသ

နှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်နှင့် ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ကျေးလက်နှင့်မြို့ပြဆင်းရဲချမ်းသာကွာဟမှု လျှော့ချရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နံတစ်လျားရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ရှိပြီးသား အခြေခံကောင်းများကို အသုံးချ၍ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ပုသိမ်၊ မော်လမြိုင်နှင့် ထားဝယ်တို့တွင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများတည်ဆောက်နိုင်ရေး အခြေခံကောင်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေမှုဖူလုံစေရေးအတွက် အဓိကထားစဉ်းစားကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ချင်းပြည်နယ်တွင်လည်း စားနပ်ရိက္ခာဖူလုံစေရန် အလေးထားသုတေသနပြု ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို မည်သို့ကောင်းအောင် လုပ်ဆောင်သင့်သည်ကို စဉ်းစား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

**ဆောင်ရွက်နေ**

ယခု လုပ်ဆောင်နေသည့် ဆူပူအကြမ်းဖက်မှုများသည် အစိုးရအား ဆန့်ကျင့်နေခြင်းမဟုတ်ဘဲ တိုင်းပြည်နှင့်ပြည်သူလူထု၏ စီးပွားရေးကို ပျက်စီးအောင် ဆောင်ရွက်နေကြခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်နေခြင်းမျိုးမရှိဘဲ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆိုရှယ်မီဒီယာသည် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်ပေါ်စေကြောင်း၊ အင်တာနက်ကို မှီခို၍ ဆောင်ရွက်နေရသည့် လုပ်ငန်းများရှိသည့်အတွက် အမြဲပိတ်ထား၍ မရကြောင်း၊ ယင်းအား မှန်ကန်စွာ အသုံးပြုနိုင်ရေး ထိန်းကျောင်းရန် လိုအပ်ပြီး ဖောက်ဖျက်ပါက ထိရောက်စွာဟန့်တားနိုင်သော ပြစ်ဒဏ်များ ချမှတ်သွားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီဒီယာလုပ်ငန်းအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဟု အသိအမှတ်ပြုထားကြောင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာများ ယူတတ်ရန် အရေးကြီးကြောင်း၊ ပြည်သူများကို ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိပညာများ၊ အတွေးအခေါ်များရှိအောင် လုပ်ဆောင်ပေးကြရန် လိုကြောင်း၊ လူငယ်လူရွယ်အားလုံးပညာတတ်ဖြစ်အောင် ပညာရေးလမ်းကြောင်းကောင်းအောင် မြှင့်တင်ရန်နှင့် စိတ်နေသဘောထားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ရုံးပိတ်ရက်များကို တိုင်းပြည်အတွက် အကျိုးရှိရှိ အသုံးချနိုင်ရန် ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များအတွက် ဆွမ်း၊ ဆန်၊ ဆီ၊ ပဲများ ဖူလုံရေးအတွက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း၊ ဒီမိုကရေစီခေတ်တွင် အသိစိတ်ဓာတ်များ ပြင်ကြရမည်ဖြစ်ပြီး လူမှုရေးအသိစိတ်ဓာတ်ရှိရန် လိုကြောင်း၊ ဒီမိုကရေစီကို မသိကျိုးကျွန်ပြု၍ သူတစ်လူငါတစ်မင်းဆောင်ရွက်၍ မရကြောင်း၊ မိမိတို့ လုပ်ဆောင်မှုသည် တစ်နိုင်ငံလုံး အကျိုးခံစားခွင့်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး တိုင်းပြည်အား အာမခံချက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားများကို ဂရုတစိုက်ဖြင့် မျှတသည့် အခွင့်အရေးပေးရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အတိုင်း ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားခဲ့သည်။

■ ■ ■

# စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

( ၃၁-၃-၂၀၂၁ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး(၄/၂၀၂၁)ကို မတ်လ ၃၁ ရက်နေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစော ထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

**မှတ်တမ်းကို အတည်ပြု**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) မှတ်တမ်း ကို အတည်ပြုသည်။

**နည်းလမ်းပေါင်းစုံမှ အကောင်အထည်ဖော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရ တစ်ရပ်အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် တိုင်းပြည်၏စီးပွားရေး တိုးတက် အောင်ဆောင်ရွက်ရေးအတွက် အဓိက တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ အသေးစိတ် စီမံ ဆောင်ရွက် လျက်ရှိကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများဖြစ်သော်လည်း အချိန်တိုကာလအတွင်း မိမိတို့ကော်မတီအနေဖြင့် စဉ်းစားဆုံးဖြတ် အကောင် အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ဆောက်ရာတွင် ဦးတည်ချက်စိတ်ကူးကို ဦးစွာ တည်ဆောက်ပြီး ဖြစ်နိုင်သည်များကို နည်းလမ်းပေါင်းစုံမှ အကောင်အထည်ဖော် တည်ဆောက်ရခြင်း ဖြစ်ကြောင်း။

**ရွေးချယ်စိုက်ပျိုးရန်လို**

ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာ နေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို ဆောင်ရွက်ပြီး ပြည်သူလူထုကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းပြည်၏ စားဝတ်နေရေးဖူလုံရန် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ "အူမတောင့်မှ သီလစောင့်မည်" ဆိုသည့်အတိုင်း စားရေးသည် အရေးကြီးသဖြင့် ဝမ်းစာဖူလုံရေးသည် အရေးကြီးကြောင်း၊ ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့်ဂျုံဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ရှိ မြေသယံဇာတများကို အသုံးပြု၍ ဆန်၊ ပဲ၊ ဆီနှင့် အခြားဒေသနှင့် ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုရှိသော်လည်း စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်ပနိုင်ငံများမှ စားအုန်းဆီ တင်သွင်းနေရမှုများရှိကြောင်း၊ မိမိတို့နိုင်ငံရှိ ဆီအုန်းစိုက်ပျိုးမှုများကို တနင်္သာရီတိုင်းအောက်ပိုင်းတွင် အောင်မြင်အောင် ပြုလုပ်၍ ပြည်ပမှ ဆီတင်သွင်းမှုများကို လျှော့ချနိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီများကြိတ်ခွဲ ထုတ်လုပ်ရာတွင်လည်း နည်းပညာလိုအပ်ချက်များရှိသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

**ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာ နေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကိုဆောင်ရွက်ပြီး ပြည်သူလူထုကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်ပေးရမည်။**

**လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်**

မိမိတို့နိုင်ငံ၏ တစ်နိုင်ငံလုံး ဆန်ဖူလုံမှုအနေဖြင့် ၁၃၃ ရာခိုင်နှုန်းရှိသော်လည်း ချင်းပြည်နယ်တွင် ၄၀ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၇၀ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၈ ရာခိုင်နှုန်းသာ ဖူလုံမှုရှိကြောင်း၊ ဒေသအလိုက် စားသောက်ကုန်များ ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်၍ ပြင်ပသွင်းကုန်များ လျှော့ချခြင်းဖြင့် ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ငွေကြေးပိုင်ဆိုင်မှုများပြားလာပြီး သုံးလိုအားနှင့် ဝယ်လိုအား ကောင်းမွန်လာမည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံအောင် ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှု ကောင်းမွန်လာပြီး ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌သာ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ကြွယ်ဝချမ်းသာမှုသည် ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ GDP မြင့်မားမှု၊ လုပ်ငန်းလည်ပတ်သုံးစွဲငွေကြေးများပြားမှုနှင့် နိုင်ငံပိုင်အရန်ငွေကြေး ပိုင်ဆိုင်မှုတို့အပေါ်တွင် မူတည်ကြောင်း။

**ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း**

နိုင်ငံ၏ စီးပွားရေးကောင်းမွန်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များသည် ပညာရည်မြင့်မားရန်နှင့် ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကော်မတီမှ ရှိပြီး မဟာဗျူဟာများအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်ပြီး ကာလတိုအတွင်း ဆောင်ရွက်ရခြင်းဖြစ်သော်လည်း ရရှိသည့် အချိန်

ကာလအတွင်း တိုင်းပြည်တိုးတက်ရေးအတွက် သာမန်မျှ မစဉ်းစားဘဲ ထဲထဲဝင်ဝင် စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ ယခင်အစိုးရကာလကျန်ရှိသည့် လုပ်ငန်းများ ကိုလည်း မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက် နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပေါင်းစပ် ညှိနှိုင်း၍ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည် ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက ဘဏ္ဍာငွေအရအသုံးစာရင်း လျာထားရာတွင် အမှန်တကယ် ရငွေ၊ သုံးငွေများကို သေချာစွာ စိစစ်ရန် လိုအပ်ပြီး မဖောင်းပွရန်လိုအပ်ကြောင်း၊ ထို့ပြင် အမှန် တကယ် လိုအပ်သည်ကိုသာ လျာထားရန် လိုအပ်ပြီး တိုင်းပြည်အတွက် အရှုံးမဖြစ်စေလိုကြောင်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စည်းစနစ်တကျ သုံးစွဲရန် လိုကြောင်း၊လျှပ်စစ်ဓာတ်အားဝယ်ယူရေးနှင့်ပတ်သက်၍ တိုင်းပြည်နစ်နာမှု မရှိစေရေး စိစစ်ဆောင်ရွက်ရန် လိုကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍကို အားပေးလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ နွေရာသီတွင် လျှပ်စစ် ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ရေအား လျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေး ပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကာလတိုအတွင်း ဒေသအလိုက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိ နိုင်ရေး ဦးစားပေးဆောင်ရွက်စေလိုကြောင်း။

နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့်နှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိမည့် သူများဖြစ်ရန်လိုပြီး တရားဥပဒေနှင့်အညီ နေထိုင်ခြင်း ရှိ/ မရှိ သေချာစွာ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပရောက် မြန်မာ နိုင်ငံသားများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည် လက်ခံရာတွင်လည်း ၎င်းတို့အနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုပြီး Dual Citizen မဖြစ်ရန် လိုအပ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ သေချာစွာ စိစစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန်ထိန်းသိမ်းဆောင်ရွက်**

လမ်းအသုံးပြုခ ကောက်ခံခြင်းနှင့်ပတ်သက်၍ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးထားကြောင်း၊ လမ်းမကြီးများဥပဒေအရ လမ်းနယ်များ စနစ်တကျ ရှိရန် လိုအပ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက မှန်မှန်ကန်ကန် ထိန်းသိမ်းဆောင်ရွက် ရန်လိုကြောင်း၊ လမ်းညွှန် အမှတ်အသားများကို စည်းကမ်းနှင့်အညီ ပြည့်စုံစွာတပ်ဆင်ထားရန် လိုကြောင်း၊ လမ်းနယ်များနှင့် စိုက်ပျိုးမြေများတွင် အဆောက်အဦများဆောက်လုပ်လျက်ရှိပြီး လယ်မြေများ၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် အသုံးချ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယင်းတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးထားပြီး ဖြစ်ပြီး ထုတ်ပြန်ထားသည့် COVID – 19 ဆိုင်ရာ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ နားလည် သဘောပေါက် သိရှိအောင် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် အသိပညာပေး အစီအစဉ်များ ဆောင်ရွက် ပေးရန်လိုကြောင်း။

ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသနှင့် ကိုက်ညီ သည့် မျိုးနှင့်စိုက်ပျိုးနည်းစနစ်များကို သုတေသနပြု ရှာဖွေ ဖော်ထုတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဒေသ ဝမ်းစာ မဖူလုံသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးပြီး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနနှင့်ဖွံ့ဖြိုးရေး (R & D) မှာ အလေးထား ဆောင်ရွက်ရန်လိုသဖြင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများတွင်လည်း သုတေသနလုပ်ငန်းများ ပြုလုပ်၍ နည်းလမ်းရှာဖွေ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သော တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၂-၃-၂၀၂၁ )

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက်ဂုဏ်ပြုသတ်မှတ်ထားသော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။ ဤရက်မြတ်အချိန်အခါကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လယ်ယာကဏ္ဍ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူ သန်းပေါင်းများစွာ၏အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကကျောရိုးလုပ်ငန်းကြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ တိုးတက်ပြောင်းလဲမှုပုံသဏ္ဌာန်ကို ဖော်ဆောင်လျက်ရှိသည့်အတွက် လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာစေရန်၊ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိစေရန် အပင်ပန်းခံကြိုးပမ်း စိုက်ပျိုးထုတ်လုပ်ပေးကြသည့် နိုင်ငံ၏ထမင်းရှင်၊ ကျေးဇူးရှင်ကြီးများဖြစ်ကြသောတောင်သူလယ်သမားကြီးများအား နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းထားသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ပံ့ပိုးကူညီထောက်ပံ့မှုများကို ထိရောက်အောင်ဆောင်ရွက်ပေးလျက် ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် စိုက်ပျိုးသီးနှံများအတွက် တောင်သူလယ်သမားများအား အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ကြေးများကို ကျပ် ၂၃ ဒသမ ဖ၈ ဘီလီယံထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် တောင်သူလယ်သမားများ ဈေးကွက်တွင် မျှတသည့်ဈေးနှုန်းရရှိနိုင်ရန် အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်သတ်မှတ်ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းစနစ်ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရေးအပြင် တစ်ဖက်တွင်လည်း တောင်သူလယ်သမားများအတွက် သွင်းအားစုရရှိရေးနှင့် ဈေးကွက်သေချာစေမည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာနိုင်ရေးအတွက် တွန်းအားပေးလျက်ရှိပြီး ယင်းစနစ်အား တစ်ပြေးညီ ကျင့်သုံးနိုင်မည့်လုပ်ထုံးလုပ်နည်းကို ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

လယ်ယာကဏ္ဍကြီးအနေဖြင့် အရည်အသွေးကောင်းသီးနှံ၊အသားနှင့်ငါးများထုတ်လုပ်နိုင်ရေးအတွက်

မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ဒေသရေမြေနှင့်လျော်ညီသည့် သီးနှံ၊ သားငါးများ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်မည့် ခေတ်မီနည်းပညာ ဖြန့်ဖြူးရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်ကူးစက်မှုများ ကာကွယ်ထိန်းချုပ်ရေး၊ လယ်ယာသားငါးကုန်စည်များ ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ ချောမွေ့စွာကူးသန်းရောင်းဝယ်နိုင်ရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားကြီးများ ဈေးကောင်းရမည့် အရည်အသွေးကောင်း သီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ရေသတ္တဝါများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာပေးခြင်းများအပြင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(GAP)၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)တို့ကို ကျင့်သုံးရေး ဆောင်ရွက်ခြင်း၊ Myanmar's GAP Protocol and Guideline များ ထုတ်ပြန်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လက်ရှိကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသီးကြွေခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု အမျိုးမျိုးကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝကို ထိခိုက်မှုများရှိနေပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) တွင် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်မှလည်း သစ်တောပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာ အဆင့်အတန်းနိမ့်ကျမှု လျော့နည်းစေရေးအတွက် မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ရေရှည်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာ အရည်အသွေး တိုးတက်မြင့်မားလာစေမည့် သီးနှံစိုက်ပျိုးနည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးသွားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိအားဖြင့် အသားတင်စိုက်ပျိုးမြေဧက (၂၉ ဒသမ ၅၉)သန်း ဖြစ်သော်လည်း ယင်းမြေပေါ်တွင် တောင်သူလယ်သမားကြီးများက ရာသီအလိုက် သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးလျက်ရှိသဖြင့် နှစ်စဉ်သီးနှံစိုက်ပျိုးဧက စုစုပေါင်းမှာ ဧက ၄၈ သန်းကျော်ဖြစ်ပါသည်။ တိုးတက်လာသော နိုင်ငံ့လူဦးရေ၏ နေ့စဉ်စားနပ်ရိက္ခာ ဖူလုံရန်အတွက် တောင်သူလယ်သမားကြီးများက စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်ပြီး ရာသီအလိုက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံမျိုးများကို စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့အပြင် မြေယာအသုံးချမှုတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ မိသားစုဝင်ငွေကို တိုးတက်စေသည့်အပြင် နိုင်ငံအတွက် စားနပ်ရိက္ခာကို ဖူလုံပိုလျှံစေမည်ဖြစ်သဖြင့် စိုက်ပျိုးမြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယခုရာစုနှစ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံအမျိုးအစား၊ သီးနှံပုံစံ၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်မည့်အစီအမံများကို ရေတိုရေရှည်စီမံချက်များချမှတ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်းအလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာ

နိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာ ပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက် ရှိပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နှစ်စဉ်မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံဧက (၂၄) သိန်းခန့်ကို တည်ဆောက်ပြီး ဆည်တမံနှင့် အခြားရေရရှိရေးလုပ်ငန်းများမှ စိုက်ပျိုးရေ ပေးဝေမှု ဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုလျော့ပါးရေးအတွက် နိုင်ငံတစ်ဝန်းတွင် ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းပေါင်း (၄၅၁၉) ခုကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မြေဧက (၃) သန်းကို ကာကွယ်ပေးနိုင်ခဲ့ပါသည်။

ကုန်ဆုံးခဲ့သည့်နှစ်များအတွင်း မုတ်သုံမိုး ရွာသွန်းရက်နှင့် မိုးရေချိန်နည်းပါးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် မိုးရေရရှိမှုလျော့နည်းလျက်ရှိသဖြင့် တည်ဆောက်ပြီး ရေလှောင်တမံများ၏ ရေသိုလှောင်မှုပမာဏ လျော့ကျလျက် ရှိပါသည်။ သိုလှောင်ဖြန့်ဖြူးပေးလျက်ရှိသော ရေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဆည်ရေပေးမြောင်းများ ပြုပြင်တည်ဆောက်မှုအပြင် ရေပေးဝေမှုစနစ်များ ပိုမိုကောင်းမွန်ရန် လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် ရေကိုအလေအလွင့်လျော့ပါးပြီး ထိရောက်စွာခွဲဝေသုံးစွဲနိုင်ရန်တောင်သူလယ်သမားများကိုယ်တိုင်ပါဝင်စီမံဆောင်ရွက်နိုင်သော ရေအသုံးချသူ အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်စေလျက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီး (၁၃) ခုတွင် အဖွဲ့ပေါင်း (၈၁၈၈) ခုကို တောင်သူလယ်သမား (၂၈၈၇၅၀)ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ တောင်သူလယ်သမားကြီးများအနေဖြင့် ရေအသုံးချသူအစုအဖွဲ့များတွင် ကိုယ်တိုင်ပါဝင်ပြီး သီးနှံစိုက်ပျိုးမှုအတွက် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချကြရန်နှင့် လေလွင့်ဖြုန်းတီးမှုမဖြစ်စေရေး အလေးဂရုပြုဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

တစ်ဖက်တွင်လည်း ရေလိုအပ်မှုများပြားသည့် စပါးအခြေခံသီးနှံ ပုံစံများနေရာတွင် ဈေးကွက်ဝယ်လိုအားရှိသောတန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးမှုပုံစံကို ပြောင်းလဲစိုက်ပျိုးရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေရရှိမှုနည်းပါးလာပြီး ဆည်ရေသိုလှောင်မှု ပုံမှန်ထက်လျော့နည်းသဖြင့် ရေကိုအကျိုးရှိရှိ အသုံးချစေလိုပါသည်။ နိုင်ငံတော်မှလည်း ဒေသအလိုက် သင့်လျော်သောသီးနှံစိုက်ပျိုးမှုပုံစံများကို စံပြကွက်များ တည်ထောင်ပြီး ပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများအနေဖြင့် ဈေးကွက်ရရှိပြီး ဝင်ငွေမြင့်မားသော လယ်ယာစီးပွားလုပ်ငန်းများကို ရွေးချယ်ပြီး ပြောင်းလဲဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား–**

ယနေ့အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအခြေအနေအရ သဘာဝဘေးအန္တရာယ်များ၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကျရောက်မှုအခြေအနေများကို ရင်ဆိုင်နေရလျက်ရှိပြီး နိုင်ငံနှင့်ပြည်သူပြည်သားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများ ယုတ်လျော့မှု နည်းနိုင်သမျှနည်းပါးအောင် စွမ်းဆောင်ကြိုးပမ်းလျက် ရှိပါသည်။ အထူးသဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များကျဉ်းမြောင်းလာစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့်ငွေကြေးအရင်းအနှီးများကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျေးလက်နေ ပြည်သူများ၏စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ် ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို

အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးလိုပါသည်။

နိုင်ငံတစ်ဝန်းရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ စွမ်းအားကိုရယူပေါင်းစု၍ လယ်ယာထုတ်ကုန်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး၊ မြေပြုပြင်မျိုးစေ့ချ စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ လုပ်ငန်းစဉ်အဆင့်အားလုံးတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တောင်သူလယ်သမားများလည်း လက်တွေ့ပါဝင်လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် သမဝါယမကဏ္ဍအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စိတ်စေတနာ အပြည့်အဝဖြင့် ရိုးသားဖြူစင်စွာ ကြိုးစားဆောင်ရွက်ကြသည့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားလူမှုစီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားပြီး နိုင်ငံ၏ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူလက်တွဲကြိုးပမ်းပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

■ ■ ■

# ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
( ၁၉-၃-၂၀၂၁ )

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် ၄၇ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါသည်။ မွန်ပြည်နယ်အတွင်း ရှိ ပြည်နယ်သူပြည်နယ်သားများ၊ မွန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မွန်ပြည်နယ်သည် ယခင်တနင်္သာရီတိုင်းအမှတ်(၁)အတွင်း ပါဝင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၀၊ ပုဒ်မခွဲ(ဂ)တွင် တနင်္သာရီတိုင်းအမှတ်(၁)ကိုမွန်ပြည်နယ်ဟု ကမ္ပည်းတင်ရေးသားခဲ့သည့် မတ်လ ၁၉ ရက်နေ့ ကို "မွန်ပြည်နယ်နေ့"အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၄၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ မွန်တိုင်းရင်းသားတို့သည် အခြားညီနောင်ဖွား တိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ပြည်ထောင်စုအတွင်း အေးအတူပူအမျှနေထိုင်ခဲ့ကြပါသည်။

ထိုသို့နေထိုင်ခဲ့ကြရင်း နယ်ချဲ့လက်အောက်ကို ကျရောက်သွားခဲ့ချိန်တွင်လည်း အခြားတိုင်းရင်းသားများနှင့်အတူ ဆုံးရှုံးထားသော လွတ်လပ်ရေးကိုပြန်လည်ရယူရာတွင် လည်းကောင်း၊ ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ရေးတို့တွင်လည်းကောင်း စုပေါင်းလက်တွဲပါဝင်ခဲ့ကြပြီး ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နေထိုင်လာခဲ့ကြပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသား မျိုးနွယ်စုများကဲ့သို့ပင် မွန်တိုင်းရင်းသားတို့သည် ရှည်လျားလှသော သမိုင်းစဉ်နှင့် အဆင့်မြင့်သော ယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်သည့်လူမျိုးများ ဖြစ်ပါသည်။ ထိုကဲ့သို့ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်း၍ တိုင်းရင်းသားများ အချင်းချင်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ရေးသည် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့အတွက် အလွန်ပင်အရေးကြီးလှပါသည်။

မွန်ပြည်နယ်တွင် မွန်နှင့်ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့် ပအိုဝ်း စသည့် တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မှုတ၍ စိမ်းလန်းစိုပြည်သည့် သစ်တော၊ မြစ်ချောင်း၊ ပြန့်ပြူးသာယာသည့် ပင်လယ်ကမ်းခြေအလှတို့နှင့် ပြည့်စုံသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများအလိုက် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများ ထွန်း

ကားရာ ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ဤကဲ့သို့ ရရှိပြီးသော အခြေအနေကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူများအားလုံးက စည်းလုံးချစ်ခင်စွာဖြင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့ဦးတည်ရည်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အောင်မြင်ချောမောစွာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးပဋိပက္ခများကို အခြေခံသည့်ရိုက်ခတ်မှုကြောင့် ခါးသီးသောအတွေ့အကြုံများကို ခံစားခဲ့ရပြီးဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းကြား နိုင်ငံရေးအယူဝါဒမတူညီမှုများနှင့် သံသယများကို ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း မပြုနိုင်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ညီရင်းအစ်ကိုမောင်နှမများကဲ့သို့သော တိုင်းရင်းသားများအကြား ဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် အစိုးရအဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြသော်လည်း အရင်းခံပြဿနာဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်း မရှိသည့်အတွက် ယနေ့ထိတိုင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုမရှိသေးခြင်း ဖြစ်ပါသည်။

ပဋိပက္ခများ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်ခဲ့သည့်အတွက် မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ယနေ့အချိန်အခါကာလတွင် ထိုခါးသီးသော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံး အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေးအတွက် အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်လျက် ရှိပါသည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဖော်ဆောင်လျက်ရှိပါသည်။

အဆိုပါဦးတည်ချက်များတွင် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် တစ်ချက်အပါအဝင်ဖြစ်ပြီး နိုင်ငံတော်အစိုးရသည် အထူးအလေးထား လုပ်ဆောင်လျက် ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်းနှင့် ကျန်တိုင်းရင်းသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းများပီပီ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏ အကျိုးတို့ကို တက်ညီလက်ညီ ဝိုင်းဝန်းသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99971-996-4-5